ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ပဉ္စမနေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်**

**( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ လွှတ်တော် အခွင့်

အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၁.၈၆) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးစောသောင်းဖေ၊ မွန်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ UNICEF မှပြုလုပ်သော Forum တက်ရောက်ရန်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ကျန်းမာရေး။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကျန်းမာရေး။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးအောင်ကိုမင်း၊ တပ်မတော်၊ ကော်မတီအစည်းအဝေး။ ဦးကျွန်ခဲန်း၊ ချင်း(၁)၊ ကျန်းမာရေး။ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ကျန်းမာရေး။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကျန်းမာရေး။ ဦးပေါ်လျှံလွင်၊ ချင်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဗညားအောင်မိုး၊ မွန်(၇)၊ ကော်မတီအစည်းအဝေး။ ဦးစောအောင်ကျော်နိုင် (ခ) ရှားဘူးဖော့၊ ကော်မတီအစည်းအဝေး။ ဦးစောသန်းထွန်း၊ ကရင်(၄) ၊ ကော်မတီအစည်းအဝေး။ ဦးဆားရယ် ၊ ကယား(၆)၊ ကော်မတီအစည်းအဝေး တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၉)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)၊ အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ရေနံလက်ယက်တွင်း ဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရေနံလက်ယက်တွင်း ဆိုင်ရာ ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရေနံလက်ယက်တွင်း ဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးခင်မောင်ရီ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအားအမှူးထား၍ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ကော်မရှင်အဖွဲ့ဝင်များကို ကျွန်တော်လေးစားစွာ ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကိုယ်စား ရေနံ လက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏

## ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/၂၀၁၅-၅၇၆

ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်

၁။ ပြည်သူ့လွှတ်တော်က ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းကို ၁၀-၇-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များ၊ မြန်မာနိုင်ငံပွင့်လင်းမြင်သာမှုနှင့်၊ တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာအရပ်ဘက် မဟာမိတ်အဖွဲ့နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များကို ဖိတ်ကြား၍ ၇ - ၈-၂၀၁၅ ရက်နေ့နှင့် ၁၀ - ၉ -၂၀၁၅ ရက်နေ့များတွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ ဆွေးနွေးညှိနှိုင်းရာတွင် အောက်ဖော်ပြပါ အချက်များကို လေ့လာတွေ့ရှိရပါသည်-

(က) ဥပဒေကြမ်းကော်မတီသည် ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကို သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ရာ ယင်းဥပဒေကြမ်း၌ ပြင်ဆင်ရန် အချက်များစွာရှိနေသဖြင့် စွမ်းအင်ဝန်ကြီးဌာနမှ ပြန်လည်ပြုစုပေးရန် ညှိနှိုင်းသဘော တူညီခဲ့ပါသည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ၂၂-၇-၂၀၁၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်၍ ယင်းဥပဒေနှင့် အညီ ဥပဒေအသစ် သို့မဟုတ် ပြင်ဆင်သည့်ဥပဒေရေးဆွဲရမည့် ပြည်ထောင်စုဝန်ကြီးဌာနများသည် ဥပဒေကြမ်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ရေးဆွဲဆောင်ရွက်ပြီး ပြည်ထောင်စုလွှတ်တော်သို့ ၃၁-၁၀-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ပေးပို့ကြပါရန် ပြည်ထောင်စုလွှတ်တော်မှ စွမ်းအင်ဝန်ကြီးဌာနသို့ အကြောင်းကြားထားပြီး ဖြစ်ပါသည်။

(ဂ) အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့်အညီ ပြန်လည်ပြင်ဆင်ပြုစုထားသော ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကို စွမ်းအင်ဝန်ကြီးဌာန၏၃၀-၁၀-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ မူဝါဒ-ဥပဒေ-လုပ်ငန်းစစ်/၀၁(၄၄၁/

၂၀၁၅)ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ပေးပို့ထားပြီးဖြစ်ကြောင်း အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသို့ပေးပို့လာသည့် စာမိတ္တူအရ သိရှိရပါသည်။

(ဃ) သို့ရာတွင် အသစ်ပြန်လည်ပြုစု ရေးဆွဲထားသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးက ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့လာခြင်းမရှိသေးကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ ပညာရှင်များ၊ မြန်မာနိုင်ငံပွင့်လင်းမြင်သာမှုနှင့်၊ တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးပြီးဖြစ်ပါသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့်အညီ ပြင်ဆင်ရေးဆွဲရန် လိုအပ်ပါသဖြင့် ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်းကို လတ်တလော အတည်ပြုဆောင်ရွက်ရန် မသင့်ဘဲ ဆိုင်းငံ့ထားရန်အတွက် လွှတ်တော်က အဆုံးအဖြတ်ပြုသင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၄-၁၁-၂၀၁၅ ရက် (အင်္ဂါနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက တင်ပြပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီကိုယ်စား ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေပြီးတော့ ပြင်ဆင်ချက်များကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၂၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၈၊ အပိုဒ် ၁၁

၂။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ ၂ တွင် -

(က) နိုင်ငံခြားငွေဆိုရာတွင် မြန်မာကျပ်ငွေဖြင့် တန်ဖိုးသင့်ထားခြင်းမဟုတ်သော စာတိုက်ငွေလွှဲလွှာများ၊ ချက်လက်မှတ်များ၊ ငွေလွှဲလက်မှတ်များ၊ ခရီးသွား ချက်လက်မှတ်များ၊ ငွေလွှဲစာတမ်းများ၊ ငွေပေးအမိန့်လက်မှတ်များ၊ ငွေပေးကတိစာချုပ်များနှင့် ငွေသား ဒင်္ဂါးများ၊ ငွေစက္ကူများ ပါဝင်သည်။

၅။ ပုဒ်မ ၁၈-က။ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း လိုင်စင်ရရှိသူသည်-

(က) ယင်းဆောင်ရွက်ပေးသည့် ပြည်တွင်း၌ နေထိုင်သူ၏ နိုင်ငံခြားသုံးငွေဖြင့် ပို့ကုန်ရငွေကို သတ်မှတ်ကာလအတွင်း ယင်း၏ဘဏ်ငွေစာရင်းသို့ မှန်ကန်စွာ ဝင်ရောက်ခြင်း ရှိ မရှိ စိစစ်ရမည်။

၆။ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေ အခန်း ၇ ကို အောက်ပါ အတိုင်း အစားထိုးရမည် -

## အခန်း (၇)

## ရွှေ၊ နိုင်ငံခြားသုံးငွေ၊ လက်ဝတ်ရတနာ ပြည်တွင်း ပြည်ပသို့ ယူဆောင်ခြင်း

ပုဒ်မ ၂၃။ ပြည်တွင်း၌နေထိုင်သူနှင့် ပြည်ပ၌နေထိုင်သူများသည် ရွှေ၊ နိုင်ငံခြားသုံးငွေ၊ လက်ဝတ်ရတနာကို ပြည်တွင်းမှပြည်ပသို့ယူဆောင်သွားခြင်း၊ ပြည်ပမှ ပြည်တွင်းသို့ ယူဆောင်လာခြင်းတို့နှင့် စပ်လျဉ်း၍ ဗဟိုဘဏ်က အခါအားလျော်စွာ ထုတ်ပြန် သည့် သတ်မှတ်ချက်များ နှင့် အညီ ဆောင်ရွက်ရမည်။

၈။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ ၂၉ ၏ နောက်တွင် ပုဒ်မ ၂၉-ကအဖြစ် အောက်ပါ အတိုင်း ဖြည့်စွက်ရမည်-

၂၉-က။ ပြည်တွင်း၌ နေထိုင်သူသည် ပြည်ပမှ ချေးငွေရယူရာ၌ ငွေသားဖြင့်ဖြစ်စေ၊ ပစ္စည်းဖြင့် ဖြစ်စေ ချေးယူခြင်း တို့ကို ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ ပုဒ်မ ၃၈-က။ မည်သူမျှ ရွှေ၊ နိုင်ငံခြားသုံးငွေ၊ လက်ဝတ် ရတနာကိုသတ်မှတ်ချက်များနှင့်အညီ မဟုတ်ဘဲ နိုင်ငံတော်အတွင်းသို့ ယူဆောင်လာခြင်း သို့မဟုတ်ပြည်ပသို့ ယူဆောင်သွားခြင်းမပြုရ။

ပုဒ်မ၃၈-ခ။ မည်သူမျှ ပို့ကုန်ရငွေအားလုံးကို သတ်မှတ် ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် ပျက်ကွက်ခြင်း မရှိစေရ။ ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၈၊ အပိုဒ် ၁၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၈၊ အပိုဒ် ၁၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ထားတဲ့အတိုင်း အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏ ဥပဒေကြမ်း ခေါင်းစဉ်၊

အပိုဒ် ၁၊ အပိုဒ် ၂ (ခ)(ဂ)(ဃ)၊ အပိုဒ် ၃ ၊ အပိုဒ် ၄၊ အပိုဒ် ၅ ခြေဆင်း၊ အပိုဒ် ၅ တွင် ဖော်ပြထားသည့် ပုဒ်မ ၁၈-ခ ၏ ပုဒ်မခွဲ(ခ)၊ အပိုဒ် ၇ခြေဆင်း၊ အပိုဒ် ၇ တွင် ဖော်ပြထားသည့် ပုဒ်မ ၂၉(က)(ခ)၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁ ခြေဆင်း၊ အပိုဒ် ၁၁ တွင် ဖော်ပြထားသည့် ပုဒ်မခွဲငယ်

၃၈- ဂ၊ ၃၈-ဃ၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄ တို့ကို အတည်ပြုရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဘဏ်နှင့်ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၂(ဃ)(ဗ)(ၥ)(ဖ)(ဗ)(ဆဆ)တို့ကို တင်ပြပါမယ်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(ဃ) လုပ်ငန်းအဖွဲ့အစည်းဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ လည်းကောင်း၊ အထူးကုမ္ပဏီ အက်ဥပဒေအရလည်းကောင်း၊ ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီများနှင့် နိုင်ငံပိုင်ငွေရေးကြေးရေး အဖွဲ့အစည်းတို့ကို ဆိုသည်။

( ပ) မတည်ရင်းနှီးငွေ (Capital funds) ဆိုသည်မှာ -

(၁) မြန်မာနိုင်ငံတွင် တည်ထောင်သည့် ဘဏ်ဖြစ်လျှင် ဗဟိုဘဏ်က သတ်မှတ်သည့် မတည် ငွေရင်း လုံလောက်မှုအချိုးကို ပြည့်မီစေရန် လိုအပ်ချက်အရ လုံလောက်စွာ ထည့်ဝင်ရမည့် မတည်ရင်းနှီးငွေနှင့် ဘဏ်၏ အရှုံးဖြစ်ပေါ်မှုများကို နုတ်ပယ်ပြီးနောက် အများပြည်သူသို့ ကြေညာသည့် သီးသန့် ရန်ပုံငွေ နှင့် ထည့်ဝင်ပြီး မတည်ငွေရင်း နှစ်ရပ်ပေါင်းကို ဆိုသည်။

( ဖ) ချေးငွေသတင်း အချက်အလက်ဌာန ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက်ဖြစ်စေ၊ ကုမ္ပဏီများ အတွက်ဖြစ်စေချေးငွေဆိုင်ရာ သတင်း အချက်အလက်များကို စုဆောင်းပြီး အခကြေးငွေ ရယူ၍ အဆိုပါ သတင်း အချက်အလက်များ ပံ့ပိုးပေးသည့် အဖွဲ့အစည်း ကို ဆိုသည်။

( ဗ) အပ်နှံငွေ ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုက ငွေအပ်နှံပြီး အဆိုပါ ငွေအပ်နှံသူက တောင်းဆိုသည့်အခါတွင် ဖြစ်စေ၊ ငွေအပ်နှံသူနှင့် ငွေလက်ခံသူတို့ သဘောတူထားသည့် အချိန်ကာလတစ်ခုတွင်ဖြစ်စေ ငွေပမာဏတစ်ရပ်လုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအား ပြန်လည်ပေးရမည့် ငွေတစ်ရပ်ကို ဆိုသည်။

(ဆဆ) ဆွေမျိုးသားချင်း ဆိုသည်မှာ လူပုဂ္ဂိုလ် တစ်ဦး၏ ဇနီး သို့မဟုတ် ခင်ပွန်း၊ ညီအစ်ကို မောင်နှမများ၊ ထိုသူ၏ဇနီး သို့မဟုတ် ခင်ပွန်း၏ ညီအစ်ကို မောင်နှမများ၊ ထိုသူနှင့် ထိုသူ၏ဇနီး သို့မဟုတ် ခင်ပွန်း၏ မိဘ၊ ဘိုးဘွားနှင့် ဆက်ခံသူ သားသမီး၊ မြေးမြစ်များ၊ ၎င်းကိုမှီခိုသူများနှင့် မွေးစားခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆွေမျိုးတော်စပ်သူများကိုဆိုသည်။ ဤပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(ဃ)(ပ)(၁)(ဖ) (ဗ)(ဆဆ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ဃ)(ဃ)(၁)(ဖ)(ဗ)(ဆဆ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက်

အပိုဒ် ၄၊ အပိုဒ် ၇၁(က)(ခ)(၁)(၂)(၆)(၈) တို့ကို တင်ပြပါမယ်ခင်ဗျား။

၄။ ငွေရေးကြေးရေးအဖွဲ့အစည်းများကို မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရလည်းကောင်း၊ အထူးကုမ္ပဏီ အက်ဥပဒေအရလည်းကောင်း ပေးရန်တာဝန် ကန့်သတ်ထားသည့် လီမိတက် ကုမ္ပဏီ အဖြစ် ဖွဲ့စည်းတည်ထောင်ရမည်။ နိုင်ငံတော်ပိုင် ငွေရေးကြေးရေး အဖွဲ့အစည်းဖြစ်လျှင် ဤဥပဒေနှင့် အညီ တည်ထောင်ထားရှိသော ငွေရေးကြေးရေးအဖွဲ့အစည်း ဖြစ်သည်ဟု မှတ်ယူရမည်။

**ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများကို အကာအကွယ်ပေးခြင်း**

၇၁။ (က) ဗဟိုဘဏ်သည် ဘဏ်များ၏ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများကို အကာအကွယ်ပေးခြင်းနှင့် ငွေရေးကြေးရေးဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရန် တာဝန်ရှိသည့်အပြင် လုပ်ငန်းတာဝန်လည်း ဖြစ်သည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) နိုင်ငံတော်တွင် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှု ရယူသူများကို ကာကွယ်ရေးအတွက် မဟာဗျူဟာအစီအစဉ် စီမံချက်ရေးဆွဲရန်နှင့် အကောင်အထည် ဖော်ရန်၊

(၂) အခြား ငွေရေးကြေးရေးကဏ္ဍ ကြပ်မတ်ကွပ်ကဲသူများနှင့် ပူးပေါင်း၍ ဝန်ဆောင်မှု ရယူသူများကို အကာအကွယ်ပေးရေး အစီအမံများ ညှိနှိုင်းဆောင်ရွက်ရန်၊

(၆) ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများကို သုတေသနပြုခြင်းနှင့် ကိန်းဂဏန်းစုဆောင်းခြင်းကိစ္စများကို အားကောင်းစေရေးအတွက်ဆောင်ရွက်ရန်၊

(၈) ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှု ရယူသူများကို ကာကွယ်ရေးနယ်ပယ်နှင့်စပ်လျဉ်းသည့် လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြဿနာရပ်များကို အစိုးရနှင့် အများပြည်သူတို့ သိရှိစေရန် အစဉ်တစိုက် အသိပေးဖော်ပြရန် ဖြစ်ပါတယ်။ ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ၇၁။(က)ဗဟိုဘဏ်သည် ဘဏ်များ၏ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှု ရယူသူများကို အကာအကွယ်ပေးခြင်းနှင့် ငွေရေးကြေးရေးဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရန် တာဝန်ရှိသည့်အပြင် လုပ်ငန်းတာဝန်လည်း ဖြစ်သည်။ ဒီနေရာမှာထောက်နေတယ်နော်။ တာဝန်ရှိ သည်ဆို ရပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့ ပြင်လိုက် ပါမယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၊ အပိုဒ် ၇၁(က) (ခ)(၁)(၂)(၆)(၈) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၊ အပိုဒ် ၇၁ (က)(ခ)(၁)(၂)(၆)(၈) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်း ကော်မတီ ရဲ့ ပြင်ဆင်ချက်

အပိုဒ် ၁၁၇(ခ)(၁)(၃)(၄)၊ အခန်း(၂၂)၊ အခန်းခေါင်းစဉ်၊ ခေါင်းစဉ်ငယ်၊ အခန်း(၂၃)၊ အခန်းခေါင်းစဉ် တို့ကို တင်ပြပါမယ်။

၁၁၇။ (ခ)ပုဒ်မခွဲ(က)အရ တင်ပြထားသည့် စာရင်းစစ် ထင်မြင် ယူဆချက်တွင် အောက်ပါတို့ ပါဝင်ရမည် -

(၁) စာရင်းများသည်ပြည့်စုံ၍မှန်ကန်စွာ ရေးဆွဲပြုစုထားကြောင်း၊

(၃) ပြင်ပစာရင်းစစ်သည် စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်ထံမှ သတင်း အချက် အလက် သို့မဟုတ် ရှင်းလင်းချက် တောင်းခံရာတွင် လက်ခံရရှိသည့် သတင်း အချက်အလက် သို့မဟုတ် ရှင်းလင်းချက်များသည် တိကျမှန်ကန်စွာ ဖော်ပြထား ကြောင်း၊

(၄) ဖျက်သိမ်းခြင်းနှင့် ဆန္ဒအလျောက် စာရင်း ရှင်းလင်းဖျက်သိမ်းရာတွင် ဗဟိုဘဏ် ၏ ညွှန်ကြားချက်များကို လိုက်နာပြီးဆောင်ရွက်ထားကြောင်း။

**အခန်း(၂၂)**

**အီလက်ထရောနစ် သက်သေခံချက်**

အီလက်ထရောနစ် စာတမ်းအမှတ်အသားများအတွက် သက်သေခံ ရမည့် နည်းလမ်းများ

အခန်း(၂၃)

တောင်းခံခြင်းမရှိသော ငွေကြေးများ သို့မဟုတ် စာရင်းသေများဆိုင်ရာ အချက်အလက်များ။ ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပုဒ်မခွဲငယ်(၄)ဖျက်သိမ်းခြင်းနှင့် ဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် ဗဟိုဘဏ်၏ ညွှန်ကြားချက်များကို လိုက်နာပြီးဆောင်ရွက်ထားကြောင်းဆို လုံလောက်ပါတယ်။ --ပိုတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၁၇(ခ)(၁)(၃)(၄)၊ အခန်း(၂၂)၊ အခန်းခေါင်းစဉ်၊ ခေါင်းစဉ်ငယ်၊ အခန်း(၂၃)၊ အခန်းခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၁၇(ခ)(၁)(၃)(၄)၊ အခန်း(၂၂)၊ အခန်းခေါင်းစဉ်၊ ခေါင်းစဉ်ငယ်၊ အခန်း(၂၃)၊ အခန်းခေါင်းစဉ် သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်

အပိုဒ် ၁၅၄ ခြေဆင်း၊ အပိုဒ် ၁၅၄(ဃ)၊ အပိုဒ် ၁၇၅ တို့ကို တင်ပြပါမယ်။

၁၅၄။ ဗဟိုဘဏ်စီမံအုပ်ချုပ်မှုအဖွဲ့သည် ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ ငွေရေးကြေးရေး အဖွဲ့အစည်း၏ ဒါရိုက်တာ အဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိများ၊ အစုရှယ်ယာပိုင်ရှင်များ၊ စီမံခန့်ခွဲသူ

များ၊ မန်နေဂျာများ၊ ဝန်ထမ်းများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်ထားသော စည်းမျဉ်း စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကို ဖြစ်စေ ဖောက်ဖျက်ပါက အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(ဃ) ငွေရေးကြေးရေး အဖွဲ့အစည်းအတွင်း တာဝန် ထမ်းဆောင်ခြင်းမှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်း။

၁၇၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေနှင့် အထူးကုမ္ပဏီအက်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ကွဲလွဲပါက ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရသာ လိုက်နာဆောင်ရွက်ရမည်။ တင်ပြပါ ပြင်ဆင်ချက်များကို အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ၁၅၄။ ဗဟိုဘဏ်စီမံအုပ်ချုပ်မှုအဖွဲ့သည် ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ ငွေရေးကြေးရေး အဖွဲ့အစည်း၏ ဒါရိုက်တာ အဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိများ၊ အစုရှယ်ယာပိုင်ရှင်များ၊ စီမံခန့်ခွဲသူများ၊ မန်နေဂျာများ၊ ဝန်ထမ်းများက ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်ထားသော စည်းမျဉ်း စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ပါက အဲဒီလိုဖြစ်မယ်နော်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့ပါ။ ပြင်ဆင်လိုက်ပါမယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၅၄ ခြေဆင်း၊ အပိုဒ် ၁၅၄(ဃ)၊ အပိုဒ် ၁၇၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၅၄ ခြေဆင်း၊ အပိုဒ် ၁၅၄(ဃ)၊ အပိုဒ် ၁၇၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ ရဲ့ပယ်ဖျက်ချက်များကို တင်ပြပါမယ်ခင်ဗျား။

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်းရဲ့

အပိုဒ် ၁၄၅၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၂)(ခခ)၊ အပိုဒ် ၁၇၆၊ အပိုဒ် ၁၈၃ တို့ကို မလိုအပ်တဲ့အတွက်ကြောင့်မို့လို့ ပယ်ဖျက်ထားပါတယ်။ ဒီ ပယ်ဖျက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

ဒီပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်များကို တင်ပြပါမယ်ခင်ဗျား။

ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေကြမ်းရဲ့ ဥပဒေကြမ်းခေါင်းစဉ်၊ အပိုဒ် (၂)(ဃ)(၂)၊ အပိုဒ် ၇၁(ခ)(၃)(၄) (၅)(၇)၊ အပိုဒ် ၇၁(ဂ)၊ အပိုဒ် ၁၁၇(ခ)(၂)၊ အပိုဒ် ၁၄၅ (က)(၁)(၂)(ကက)(၃)၊ အပိုဒ် ၁၄၅(ခ)၊ အပိုဒ် ၁၅၀(က)(၁)(၂)၊ အပိုဒ် ၁၅၀(ခ)၊ အပိုဒ် ၁၅၃(က)(ခ)၊ အပိုဒ် ၁၅၄(က)(ခ)(ဂ)နှင့် ပြောင်းလဲအမှတ်စဉ်ထားသည့် အပိုဒ် ၁၄၅(က)(၂)(ခခ)၊ အခန်း(၂၃)ကို အခန်း(၂၄)အဖြစ် ပြောင်းလဲထားခြင်း။ အခန်း(၂၆)ကို အခန်း(၂၇)အဖြစ် ပြောင်းလဲထားခြင်းများကို အတည်ပြု ပေးနိုင်ပါရန် တင်ပြအပ်တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော သက်သေခံ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော် ကိုယ်စားလှယ်မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် -

အပိုဒ် ၂(က)(ခ)(၇)(ဂ)(၁)(၂)(၃)(၄) တို့ကို တင်ပြပါမယ်။

၂။ သက်သေခံ အက်ဥပဒေပုဒ်မ ၃ တွင် -

(က) Document ဆိုသည့် စကားရပ်အဓိပ္ပာယ် ဖွင့်ဆိုချက်၏ နောက်တွင် In this expression, electronic records and information are included" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) Document ဆိုသည့်စကားရပ်၏ ဥပမာကို အောက်ပါအတိုင်း အစားထိုးရမည်

Illustrations

(7) Any record generated, sent, received or stored by means of electronic, magnetic, optical or any other similar technologies in an information system or for transmission from one information system to another";

(ဂ) သက်သေခံ အက်ဥပဒေပုဒ်မ ၃ တွင် ပါရှိသော Document ဆိုသည့် စကား ရပ် အဓိပ္ပာယ် ဖွင့်ဆိုချက်နှင့် ဥပမာတို့၏ နောက်တွင် စာတမ်း အမှတ်အသား မိတ္တူ ဆိုသည့် စကားရပ်အဓိပ္ပာယ် ဖွင့်ဆိုချက်ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် Copy of a document includes-

(1) in the case of a document falling within paragraph (4) of above illustration of the definition of document, a transcript of the sounds or other data embodied in it;

(2) in the case of a document falling within paragraph (5) of above illustration of that definition, a reproduction or still reproduction of the image or images embodied in it, whether enlarged or not;

(3) in the case of a document falling within paragraph (4) and (5) of that definition, such a transcript together with such a still reproduction; and

(4) in the case of a document not falling within paragraph (5) of that definition of which a visual image is embodied in a document falling within that clause, a reproduction of that image, whether enlarged or not, and any reference to a copy of the material part of a document must be construed accordingly လို့ပြင်ဆင်ထားပါတယ်။ ဒီပြင်ဆင်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ must be construed accordingly နော်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ construed ပါ ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(က)(ခ)(၇)(ဂ)(၁)(၂)(၃)(၄) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(က)(ခ)(၇)(ဂ)(၁)(၂)(၃)(၄)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်-

အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၇၊ အပိုဒ် ၈ ခြေဆင်း တို့ကို တင်ပြပါမယ်။

၃။ သက်သေခံ အက်ဥပဒေ ပုဒ်မ ၉ ဥပမာ(စ)၏ နောက်တွင် (ဆ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၄။ သက်သေခံ အက်ဥပဒေပုဒ်မ ၆၀ ၏ နောက် တွင် ပုဒ်မ ၆၀-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

60A.(1) Notwithstanding anything contained in this Act, a person may, the permission of the court, give evidence through a video conferencing or live television link in any proceedings, if –

(2) In considering whether to give permission for a witness outside the Republic of the Union of Myanmar to give evidence by live video or live television link under this section, the court shall have regard to all the circumstances of the case including the followings:

(3) The court may, in giving permission under subsection (1), make an order on all or any of the following matters:

(g) the method of operation of the live video or live television link system including compliance with the appropriate technical standards as may be determined by the Chief Justice of the Union; and

(7) Evidence given by a witness, whether in the Republic of the Union of Myanmar or elsewhere, through a video conferencing or live television link by virtue of this section shall be deemed for the purposes of section 193, 194, 195, 196, 205 and 209 of the Penal Code as having been given in the proceedings in which it is given.

၅။ သက်သေခံ အက်ဥပဒေ ပုဒ်မ ၆၂ ရှင်းလင်းချက်(၂)နှင့် ဥပမာ၏ နောက်တွင် အောက်ပါ အတိုင်း ဖြည့်စွက်ရမည် -

Explanation 3 – Notwithstanding anything contained in Explanation 2, if a copy of a document expressed in section 3 in the form of an electronic record is shown to reflect that document accurately, then the copy is primary evidence.

၇။ သက်သေခံအက်ဥပဒေပုဒ်မ ၆၇ ၏နောက် တွင် ပုဒ်မ ၆၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

67(A). Where any existing law requires a signature, or provides for certain consequences if a document or a record is not signed, that requirement is satisfied in relation to an electronic record if-

(b) (ii) proven in fact to have fulfilled the functions described in sub - section (a), by itself or together with further evidence.

၈။ သက်သေခံ အက်ဥပဒေပုဒ်မ ၁၁၄ ၏ နောက် တွင် ပုဒ်မ ၁၁၄-က အဖြစ် အောက်ပါ အတိုင်း ဖြည့်စွက်ရမည်ဖြစ်ပါတယ်။ ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြု ဆောင်ရွက် ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၇၊ အပိုဒ် ၈ ခြေဆင်း ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၇၊ အပိုဒ် ၈ ခြေဆင်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက်များကို တင်ပြပါမယ်။

ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေကြမ်းရဲ့

အပိုဒ် ၄၊ အပိုဒ် ၅ မှာ အစုခေါင်းစဉ်အဖြစ် ဖော်ပြထားသည့် Evidence through live video or live television links အပိုဒ် ၈၊ အပိုဒ် ၉ တွင် အစုခေါင်းစဉ်အဖြစ် ဖော်ပြထားတဲ့ Requirement for signature စာသားနှင့် အပိုဒ် ၁၀ တွင် အစုခေါင်းစဉ်အဖြစ် ဖော်ပြထားသည် Presumptions in relation to electronic records စာသားတွေကို ပယ်ဖျက်ထားပါတယ်။ မလိုအပ်တဲ့ အတွက်ကြောင့်မို့လို့ ဒီပယ်ဖျက်ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင် ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

ဒီပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်များကို တင်ပြပါမယ်။

ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေကြမ်းရဲ့ ဥပဒေကြမ်းခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂(ခ) (1)(2)(3)(4) (5)(6)၊ အပိုဒ် ၃(ဂ) နှင့် ပြောင်းလဲအမှတ်စဉ်ထားသည့်

အပိုဒ် ၄ 60A(1)(a)(b)(c)(d),(2)(a)(b)(c), (3)(a)(b)(c)(d)(e)(f)(h), (4)(a)(b)(c)(d)(e), (5), (6), (8)၊ အပိုဒ် ၅ မှ Illustrations (a)(b)၊ အပိုဒ် ၆၊ အပိုဒ် ၇ 67A(a)(b)(i)(ii)၊ အပိုဒ် ၈ မှ 114 A(1) Illustrations A, (2) Illustrations A, (3) Illustrations A တို့ကို ဆက်လက်ပြီးတော့ အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော လမ်းနှင့်တံတား

အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက တင်ပြထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။

ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေကြမ်းရဲ့ ဥပဒေကြမ်းခေါင်းစဉ်၊ အပိုဒ် ၁ နှင့် အပိုဒ် ၂ တို့ကို အတည်ပြုဆောင်ရွက်နိုင်ရန်အတွက် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အတည်ပြုထားတဲ့ ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏ ဥပဒေကြမ်း ခေါင်းစဉ်၊ အပိုဒ် ၁ နှင့် အပိုဒ် ၂ တို့ကို ဆက်လက်ပြီးတော့ အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီးပေးပို့လာသော အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျားပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် သဘောတူလက်ခံထားသဖြင့်လည်းကောင်း၊ ယင်း ဥပဒေနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့ အတွက်လည်းကောင်း အမြန်လမ်းမကြီး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည် ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

အမြန်လမ်းမကြီး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် -

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမြန်လမ်းမကြီး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း သည် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည် ဖြစ်သည်။(ဩဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီးပေးပို့လာသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြထား တဲ့အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဒေါက်တာမြတ်ညာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်း ကော်မတီရဲ့ အတည်ပြုချက်ဖြစ်တဲ့ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈ တို့ကို တင်ပြပါမယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈

၅။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က)နှင့်(ခ) တို့ကို အောက်ပါ အတိုင်း အစားထိုးရမည် -

၁၄။(က) နာယကသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုရန် လွှတ်တော် ကိုယ်စားလှယ် စိစစ်ရေးအဖွဲ့ကို သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်း၍ ယင်းလွှတ်တော် သက်တမ်းအတွက် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေး ကော်မတီ ဖွဲ့စည်းပြီးသည်အထိ တာဝန်ပေးအပ်ရမည်။

၆။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၅၊ ပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၈ တို့၌ ပါရှိသော အခြားကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့ ဆိုသည့်စကားရပ်ကို ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၈ တို့တွင် ပါရှိသော အခြားဘာသာ သာသနာကို ပုတ်ခတ်ပြောဆိုခြင်း ဆိုသည့် စကားရပ်ကို ဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၇။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၆ နှင့် ပုဒ်မ ၂၈ တို့တွင် ပါရှိသော ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော

အဖွဲ့အစည်းဝင်များ ဆိုသည့် စကားရပ်ကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်း ဝင်များဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည် ။

၈။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၃-က တွင် ပါရှိသော ဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး သတ်မှတ်ချက်များနှင့်အညီ ဆိုသည့် စကားရပ်ကို ဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး ဥပဒေနှင့်အညီ ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်များကို အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်ကို ဆက်လက်တင်ပြပါမယ်။
အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏ အပိုဒ် ၅ တွင် ဖော်ပြထားသော ပုဒ်မ ၁၄ ပုဒ်မခွဲ (ခ)ကို ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပိုးသတ်ဆေးဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပိုးသတ်ဆေး ဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပိုးသတ်ဆေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ခေါင်းစဉ် ပြင်ဆင်ချက်ကို တင်ပြပါမယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

ပိုးသတ်ဆေး ဥပဒေ

( ၂၀၁၅ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၇ ခုနှစ်၊ လ ရက်

(၂၀၁၅ခုနှစ်၊ လ၊ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဒီပြင်ဆင်ချက်များကို အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အခန်း (၁)၊ အပိုဒ် ၂(ခ)(ဂ)(ဠ)(ဏ)(တ)(ထ) တို့ကိုတင်ပြပါမယ်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း (၁)၊ အပိုဒ် ၂(ခ)(ဂ)(ဠ)(ဏ)(တ)(ထ)

၂။ ဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(ခ) ပိုးသတ်ဆေး ဆိုသည်မှာ ပိုးများကို ကာကွယ် နှိမ်နင်းရာတွင် အသုံးပြုသော အဏုဇီဝ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ပိုးများ၏ကြီးထွားမှုကို ထိန်းချုပ်ရန် အသုံးပြုသော ဓာတုပစ္စည်း၊ စိုက်ပျိုးသီးနှံများ ကြီးထွားစေရန်နှင့် ယင်းသီးနှံများ၏ ကြီးထွားမှုကို ထိန်းချုပ်ရန် အသုံးပြုသော ဓာတုပစ္စည်းများ ပါဝင်သော ဟော်မုန်းဆေး၊ ရွက်ကြွေဆေး၊ ရွက်ခြောက်ဆေး၊ အသီးခြွေဆေး၊ အသီးမရင့်မီကြွေကျခြင်းမှ ကာကွယ်ဆေးစသည့် မရိတ်သိမ်းမီတွင်ဖြစ်စေ၊ ရိတ်သိမ်းပြီးချိန်တွင်ဖြစ်စေ၊ သိုလှောင်ရာတွင်ဖြစ်စေ၊ သယ်ယူပို့ဆောင်ရာတွင်ဖြစ်စေ၊ သီးနှံမပျက်စီးရေးအတွက် ကာကွယ်သည့် ဓာတုဆေးနှင့် ပိုးသေစေရန် အသုံးပြုသော ဓာတုဆေးများကို ဆိုသည်။

(ဂ) အဆိပ်ရှိပစ္စည်း ဆိုသည်မှာ ပိုးသတ်ဆေးတွင် ပါဝင်သော သို့မဟုတ် ပိုးသတ်ဆေးဖော်စပ်ရာတွင် အသုံးပြုနိုင်သော အန္တရာယ်ဖြစ်စေသည့် သို့မဟုတ် အဆိပ်သင့်စေသည့် ဓာတုပစ္စည်း တစ်မျိုးမျိုးကို ဆိုသည်။

(ဠ) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုဆိုသည်။

(ဏ) ဦးစီးမှူး ဆိုသည်မှာ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးတို့ကို ဆိုသည်။

(တ) စစ်ဆေးရေးမှူး ဆိုသည်မှာ ဤဥပဒေပါပြဋ္ဌာန်းချက် များနှင့်အညီ ပိုးသတ်ဆေး သုံးစွဲမှုနှင့် ရောင်းချမှု မှန်မမှန်၊ ပိုးသတ်ဆေးကို အန္တရာယ်ကင်းရှင်းစွာ သုံးစွဲခြင်း ရှိ/မရှိ နှင့် ပိုးသတ်ဆေးတွင် ပါဝင်ရမည့် အဆိပ်ရှိပစ္စည်း ရာခိုင်နှုန်း ပြည့်မီခြင်း ရှိမရှိတို့ကို စစ်ဆေးနိုင်ရန် ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်သည့် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းကို ဆိုသည်။

(ထ) လိုင်စင် ဆိုသည်မှာ ဤဥပဒေ အရ ပိုးသတ်ဆေးနှင့် စပ်လျဉ်း၍ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ရန် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးက ထုတ်ပေးသော ခွင့်ပြုမိန့်ကိုဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်များကို အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ပြောစရာရှိပါသလား။ (တ) စစ်ဆေးရေးမှူး ဆိုသည်မှာ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပိုးသတ်ဆေးသုံးစွဲမှုနှင့် ရောင်းချမှု မှန်မမှန်၊ ပိုးသတ်ဆေးကို အန္တရာယ်ကင်းရှင်းစွာ သုံးစွဲခြင်းရှိမရှိနှင့် ပိုးသတ်ဆေးတွင် ပါဝင်ရမည့် အဆိပ်ရှိပစ္စည်း အဆိပ်ရှိ ပစ္စည်းဆိုရင်တော့ စဉ်းစားဖို့လိုပါတယ်။ အာနိသင်ရှိပစ္စည်း သူက အကျိုးရှိတာရော ခုန သတ်ဖြတ်တာရော ဖြစ်မယ်လေ။ ဘာလို့လဲဆိုရင် သူက သီးနှံကြီးထွားစေရန်လည်းပါနေတာကို။ Definition မှာနော်။ စိုက်ပျိုးသီးနှံများ ကြီးထွားစေရန်နှင့် ဆိုတာပါနေတဲ့အခါကျတော့ အဆိပ် ရှိတာလည်း ပါနေတာ။ Definition ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(ခ)(ဂ)(ဠ)(ဏ)(တ)(ထ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၁)၊ အပိုဒ် ၂ (ခ)(ဂ)(ဠ)(ဏ)(တ)(ထ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း (၂)၊ အပိုဒ် ၃ (က)(ခ)၊ အပိုဒ် ၄

၃။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူ ညီချက်ဖြင့် -

(က) ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူးက တွဲဖက်အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဌာနများ၏ အကြီးအမှူး များနှင့် ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ထို့ပြင် ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော မှတ်ပုံတင် အဖွဲ့ကို အခါအားလျော်စွာ ပြင်ဆင် ဖွဲ့စည်း နိုင်သည်။

၄။ မှတ်ပုံတင်အဖွဲ့၏ ရုံးလုပ်ငန်းများကို ဦးစီးဌာနက ဆောင်ရွက်ရမည် ဟု ပြင်ဆင်ထားပါ တယ်။

ဒီပြင်ဆင်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ပြောစရာ ရှိလား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၂)၊ အပိုဒ် ၃ (က)(ခ)၊ အပိုဒ် ၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၂)၊ အပိုဒ် ၃ (က)(ခ)၊ အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင် ဖြည့်စွက်ချက်များဖြစ်တဲ့ အခန်း (၃)၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၂ (က)(ဂ) တို့ကို တင်ပြပါမယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အခန်း (၃)၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၂ (က)(ဂ)

၆။ မှတ်ပုံတင်အဖွဲ့သည် ဦးစီးဌာန၏ လက်တွေ့စမ်းသပ် စစ်ဆေးချက်များအရ အရည်အသွေး ရာခိုင်နှုန်း ပြည့်မီပြီး ထိရောက်မှုရှိပါက သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ် တစ်မျိုးမျိုးကို ထုတ်ပေး နိုင်သည်။

၇။ မှတ်ပုံတင်အဖွဲ့သည် အရေးပေါ်ကိစ္စရပ်များတွင် မမျှော်လင့်သည့် သီးနှံဖျက်ပိုးများ ကျရောက်မှုကို ကာကွယ်နှိမ်နင်းနိုင်ရန် မည်သည့်ပိုးသတ်ဆေးကိုမဆို အထူးသုံးစွဲခွင့် မှတ်ပုံတင် လက်မှတ် ထုတ်ပေးနိုင်သည်။

၉။ မှတ်ပုံတင်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ အကြံပြုချက်များအပေါ် အခြေပြု၍ ပိုးသတ် ဆေးများ ဖော်စပ်ထုတ်လုပ်ခြင်း၊ ကိုင်တွယ်သုံးစွဲခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချ ခြင်းတို့တွင် အန္တရာယ်ကင်းရှင်းရေးအတွက်လည်းကောင်း၊ သက်တမ်းလွန် ပိုးသတ်ဆေးများသည် သက်ရှိ အားလုံးနှင့် ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်သဖြင့် စနစ်တကျ ဖျက်ဆီးရေးအတွက်လည်းကောင်း၊ သုံးစွဲပြီးသော ပိုးသတ်ဆေးဘူးအခွံနှင့် ထုပ်ပိုးပစ္စည်းများ စနစ်တကျစွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်းအတွက် လည်းကောင်း ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

၁၀။ မှတ်ပုံတင်အဖွဲ့သည် ပုဒ်မ ၅ အရ ဆောင်ရွက်သော ပိုးသတ်ဆေး ခေတ်ခွဲခြင်းနှင့် စိုက်ခင်းတွင် လက်တွေ့စမ်းသပ်ခြင်းတို့နှင့် စပ်လျဉ်း၍ ကျွမ်းကျင်သူများ၏ အကြံဉာဏ်ကို ရယူရန် ဦးစီးဌာနအား ခွင့်ပြုနိုင်သည်။

၁၂။ မှတ်ပုံတင်အဖွဲ့သည်-

(က) ညွန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ သီးနှံကာကွယ်ရေး ဌာနခွဲ ညွန်ကြားရေးမှူးကအတွင်းရေးမှူးအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန များ၏ ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော ပိုးသတ်ဆေးနည်းပညာ ကော်မတီကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်။

(ဂ) လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် ပိုးသတ်ဆေးနည်းပညာ ကော်မတီကို အထောက်အကူပြုနိုင်ရန် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်း ပြီး ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၃)၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၂ (က)(ဂ) ပြင်ဆင် ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၃)၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၂ (က)(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ အခန်း (၄)၊ အပိုဒ် ၁၃ ခြေဆင်း၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆ တို့ကို တင်ပြပါမယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အခန်း (၄)၊ အပိုဒ် ၁၃ ခြေဆင်း၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆

၁၃။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှ တင်သွင်းခြင်း ပြုလုပ်လိုသူသည် အောက်ဖော်ပြပါ မှတ်ပုံတင်လက်မှတ် တစ်မျိုးမျိုးရရှိရေးအတွက် မှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

၁၅။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှ တင်သွင်းခြင်းအတွက် မှတ်ပုံတင်လက်မှတ် တစ်မျိုးမျိုး ရရှိရန် လျှောက်ထားသော လျှောက်လွှာကို မှတ်ပုံတင်အဖွဲ့က စိစစ်ပြီး မှတ်ပုံတင်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဖြည့်စွက်ချက်-

၁၆။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပသို့ တင်ပို့ခြင်း ပြုလုပ်လိုသူသည် မှတ်ပုံတင်အဖွဲ့သို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ပါ အချက်များ ပူးတွဲ၍ တင်ပို့ခွင့် ထောက်ခံချက်လက်မှတ် လျှောက်ထားရမည်။ မှတ်ပုံတင်အဖွဲ့သည် လျှောက်လွှာကို ခွင့်ပြုပါက ထောက်ခံချက်လက်မှတ်ထုတ်ပေးနိုင်သည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီပြင်ဆင်ဖြည့်စွက်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၄)၊ အပိုဒ် ၁၃ ခေါင်းစဉ်၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၄)၊ အပိုဒ် ၁၃ ခေါင်းစဉ်၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်-

အခန်း (၅)၊ အပိုဒ် ၁၇ (ဂ)(ဃ)(င)၊ အပိုဒ် ၁၈(က)(ခ) တို့ကို တင်ပြပါမယ်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း (၅)၊ အပိုဒ် ၁၇ (ဂ)(ဃ)(င)၊ အပိုဒ် ၁၈(က)(ခ)

၁၇။ လိုင်စင်လျှောက်ထားသူသည်-

(ဂ) ပုဒ်မခွဲ(က) သို့မဟုတ် ပုဒ်မခွဲ(ခ) အရ လျှောက်ထား ခြင်းမှအပ ပိုးသတ်ဆေးကို လက်လီလက်ကား ရောင်းချလိုပါက သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးထံ သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့် လျှောက်ထား ရမည်။

(ဃ) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ) နှင့် ပုဒ်မခွဲ(ဂ) တို့အရ လျှောက်ထားရာတွင် သတ်မှတ်ထားသော လိုင်စင်ခကို သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ပေးဆောင်ရမည်။

(င) ပိုးသတ်ဆေးများ ကိုင်တွယ်သုံးစွဲခြင်း၊ လက်လီလက်ကား ရောင်းချခြင်းတို့နှင့် စပ်လျဉ်း၍ အန္တရာယ်ကင်းစေရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ဖွင့်လှစ်သည့်ကိုင်တွယ်သုံးစွဲမှု သင်တန်းများကို တက်ရောက်ပြီး ပိုးသတ်ဆေး ကိုင်တွယ်သုံးစွဲခွင့် လက်မှတ် ရသူဖြစ်ရမည်။

၁၈။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က) နှင့် ပုဒ်မခွဲ(ခ) တို့အရ လျှောက်ထားသော လျှောက်လွှာများနှင့် စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) လိုင်စင်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ လိုင်စင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ပါက စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်များ ချမှတ်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၅)၊ အပိုဒ် ၁၇ (ဂ)(ဃ)(င)၊ အပိုဒ် ၁၈(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၅)၊ အပိုဒ် ၁၇ (ဂ)(ဃ)(င)၊ အပိုဒ် ၁၈(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

**ဒေါက်တာမြင့်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အခန်း (၆)၊ အပိုဒ် ၁၉ (ခ)၊ အပိုဒ် ၂၀ (က)(ခ)(ဂ)(ဃ) တို့ကို တင်ပြပါမယ်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း (၆)၊ အပိုဒ် ၁၉ (ခ)၊ အပိုဒ် ၂၀ (က)(ခ)(ဂ)(ဃ)

၁၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးသည်-

(ခ) ညွှန်ကြားရေးမှူးချုပ်က ပေးအပ်သော တာဝန်များ ကိုဆောင်ရွက်ရမည်။

၂၀။ ခရိုင်ဦးစီးမှူးသည်-

(က) ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဂ) အရ လျှောက်ထားသော လျှောက်လွှာနှင့် စပ်လျဉ်း၍ စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) လိုင်စင်ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်များ ချမှတ်နိုင်သည်။

(ဂ) ပိုးသတ်ဆေးသုံးစွဲသူသည် သုံးစွဲပြီးသော ပိုးသတ် ဆေးဘူးအခွံနှင့် ထုပ်ပိုးပစ္စည်းများ၊ စွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်းများကို မှတ်ပုံတင်အဖွဲ့ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က ညွှန်ကြားထားသည့်အတိုင်း လိုက်နာခြင်းရှိမရှိ စစ်ဆေးရန် မြို့နယ်ဦးစီးမှူးအား တာဝန်ပေးအပ်နိုင်သည်။

(ဃ) မြို့နယ်ဦးစီးမှူးနှင့် စစ်ဆေးရေးမှူးများ၏ ဆောင်ရွက်ချက်များကို သတ်မှတ်ချက်နှင့်အညီ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းတို့ ဆောင်ရွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၆)၊ အပိုဒ် ၁၉ (ခ)၊ အပိုဒ် ၂၀ (က)(ခ)(ဂ)(ဃ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၆)၊ အပိုဒ် ၁၉ (ခ)၊ အပိုဒ် ၂၀(က)(ခ)(ဂ)(ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တ ခဏရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၁၅။**

**ဒေါက်တာမြတ်ဉာဏစိုး၊ (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။

ဥပဒေကြမ်းကော်မတီ ရဲ့ ပြင်ဆင်ချက် အခန်း (၇)၊ အပိုဒ် ၂၂ (ဂ)(ဃ)(င) ဆက်လက် တင်ပြပါမယ်။

၂၂။ စစ်ဆေးရေးမှူးသည် အောက်ပါတာဝန်များကို ဆောင်ရွက်ရမည်-

(ဂ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ် ဖောက်ဖျက်ကျူးလွန်သူကို ဤဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်နိုင်ရန် တင်ပြခြင်း၊

(ဃ) ပိုးသတ်ဆေးဘူး၊ အခွံနှင့် ထုပ်ပိုးပစ္စည်းများ စနစ်တကျ စွန့်ပစ်ဖျက်ဆီးရေးကို စီမံခန့်ခွဲခြင်း၊

(င) ပိုးသတ်ဆေးများ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းတို့သည် လိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိမရှိကို စစ်ဆေးခြင်း။ ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၇)၊ အပိုဒ် ၂၂ (ဂ)(ဃ)(င) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၇)၊ အပိုဒ် ၂၂ (ဂ)(ဃ)(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။)

**ဒေါက်တာမြတ်ဉာဏစိုး၊ (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အခန်း (၈) အခန်းခေါင်းစဉ်၊ အပိုဒ် ၂၃ (င)(စ) တို့ကို ဆက်လက်တင်ပြပါမယ်။

**အခန်း(၈)**

**မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၂၃။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှ တင်သွင်းခွင့်၊ ပြည်ပသို့ တင်ပို့ခွင့် ရရှိသူသည်-

(င) ပြည်ပမှတင်သွင်းခွင့်နှင့် စပ်လျဉ်း၍ မှတ်ပုံတင် အဖွဲ့ထံမှ တင်သွင်းခွင့် ထောက်ခံချက်ရယူပြီးနောက် ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ရယူရမည်။

(စ) လုပ်ငန်း ဆက်လက်လုပ်ကိုင်လိုသူသည် မှတ်ပုံတင်လက်မှတ် သက်တမ်း မကုန်ဆုံးမီ ရက်ပေါင်း (၃၀) ကြိုတင်၍ မှတ်ပုံတင်အဖွဲ့သို့ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။ ဒီပြင်ဆင်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၈) အခန်း ခေါင်းစဉ်၊ အပိုဒ် ၂၃ (င)(စ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၈) အခန်း ခေါင်းစဉ်၊ အပိုဒ် ၂၃ (င)(စ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး၊ (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက် အခန်း (၉)၊ အပိုဒ် ၂၄ (ဇ)(ဈ)တို့ကို တင်ပြပါမယ်။

၂၄။ ပိုးသတ်ဆေး ဖော်စပ်ရောင်းချခွင့်နှင့် ပြန်လည်ထုပ်ပိုး ရောင်းချခွင့် လိုင်စင် ရရှိသူသည်-

ဖြည့်စွက်ချက် -

(ဇ) ပိုးသတ်ဆေးဖော်စပ် ထုတ်လုပ်ရောင်းချခွင့် လိုင်စင်ရရှိသူနှင့် ပြန်လည်ထုပ်ပိုး ရောင်းချခွင့် လိုင်စင်ရရှိသူတို့သည် လုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ၊ လူမှုပတ်ဝန်းကျင်ဆိုင်ရာနှင့် ကျန်းမာရေး ဆိုင်ရာ ထိခိုက်နိုင်ခြင်း ရှိမရှိတို့အား ပုံမှန် စစ်ဆေးခြင်း ခံယူရမည်။

(ဈ) လုပ်ငန်းဆက်လက်လုပ်ကိုင်လိုသူသည် လိုင်စင် သက်တမ်း မကုန်ဆုံးမီ ရက်ပေါင်း (၃၀) ကြိုတင်၍ ဦးစီးဌာနသို့သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။ ဒီ ပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၉)၊ အပိုဒ် ၂၄ (ဇ)(ဈ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၉)၊ အပိုဒ် ၂၄ (ဇ)(ဈ)သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး၊ (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်-

အခန်း (၁၀)၊ အပိုဒ် ၂၅ (ဃ)(င)(စ)(ဆ)(ဈ)

၂၅။ ပိုးသတ်ဆေးလက်လီလက်ကား ရောင်းချခွင့် လိုင်စင် ရရှိသူသည်-

(ဃ) ရောင်းချသည့် ပိုးသတ်ဆေးများ၏ အာနိသင် ပြောင်းလဲစေရန် အခြားအရာဝတ္ထု ပစ္စည်းတစ်စုံတစ်ရာရောနှောခြင်း၊ ပြုပြင်ခြင်းနှင့် မမှန်မကန် ကြော်ငြာ ရောင်းချခြင်း မပြုလုပ်ရ၊

(င) လိုင်စင်တွင်ဖော်ပြပါရှိသော စည်းကမ်းချက်များကို တိကျစွာ လိုက်နာရမည်။

(စ) ဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးမှူးက အခါ အားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်ဟု ပြင်ဆင်ထားပါတယ်။

ဖြည့်စွက်ချက်-

(ဆ) မြို့နယ်ဦးစီးမှူးက တောင်းခံလာပါက မိမိလက်ဝယ်ရှိ ပိုးသတ်ဆေး နမူနာများကို ပေးအပ်ရမည်။

(ဈ) လုပ်ငန်းဆက်လက်လုပ်ကိုင်လိုသူသည် လိုင်စင် သက်တမ်း မကုန်ဆုံးမီ ရက်ပေါင်း (၃၀) ကြိုတင်၍သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာခရိုင်ဦးစီးမှူးထံ လျှောက်ထားရမည်။ ဒီပြင်ဆင်ဖြည့်စွက်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၁၀)၊ အပိုဒ် ၂၅ (ဃ)(င)(စ)(ဆ)(ဈ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၁၀)၊ အပိုဒ် ၂၅ (ဃ)(င)(စ)(ဆ)(ဈ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး၊ (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း (၁၁)၊ အပိုဒ် ၂၆ (က)(ဃ)

၂၆။ ပိုးသတ်ဆေးသုံးစွဲသူသည်-

(က) ပိုးသတ်ဆေး အညွှန်းစာပါအတိုင်း လိုက်နာသုံးစွဲရမည်။

(ဃ) သုံးစွဲပြီးသော ပိုးသတ်ဆေးဘူးအခွံနှင့် ထုပ်ပိုးပစ္စည်းများကို ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ စွန့်ပစ်ဖျက်ဆီးခြင်း နည်းလမ်းများအတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

ဒီပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၁၁)၊ အပိုဒ် ၂၆ (က)(ဃ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၁၁)၊ အပိုဒ် ၂၆(က)(ဃ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း (၁၂)၊ အပိုဒ် ၂၇ ခေါင်းစဉ်၊ အပိုဒ် ၂၇ (ဂ)၊ အပိုဒ် ၂၈၊ ခေါင်းစဉ်၊ အပိုဒ် ၂၈ (ဂ)

၂၇။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ၂၄ ပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ လိုင်စင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာ ဆောင်ရွက်ရန်ပျက်ကွက်သော လိုင်စင်ရရှိသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက် ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(ဂ) လိုင်စင်ရရှိသူ၏ လက်ဝယ်ရှိ ပိုးသတ်ဆေးလက်ကျန်ကိုသိမ်းယူခြင်း၊ ဖျက်ဆီးခြင်း၊

၂၈။ ခရိုင်ဦးစီးမှူးသည် ပုဒ်မ ၂၅ ပါ လိုင်စင်ပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ စည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော လိုင်စင်ရရှိသူအား အောက်ပါ စီမံခန့်ခွဲရေး ဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက် ပို၍ဖြစ်စေချမှတ်နိုင်သည် -

(ဂ) လိုင်စင်ရရှိသူ၏လက်ဝယ်ရှိ ပိုးသတ်ဆေးလက်ကျန်ကို သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း။ ဒီပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၁၂)၊ အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၂၇ (ဂ)၊ အပိုဒ် ၂၈ ခြေဆင်း၊ အပိုဒ် ၂၈ (ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၁၂)၊ အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၂၇ (ဂ)၊ အပိုဒ် ၂၈ ခြေဆင်း၊ အပိုဒ် ၂၈ (ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း (၁၃)၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀ (က)-

၂၉။ ပုဒ်မ ၂၈ အရ ခရိုင်ဦးစီးမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။

၃၀။ (က) ပုဒ်မ၂၇ အရလည်းကောင်း၊ ပုဒ်မ ၂၉ အရ လည်းကောင်း ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့် နေ့မှ ရက်ပေါင်း (၃၀)အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။ ဒီပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၁၃)၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀ (က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၁၃)၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀ (က)သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း (၁၄)၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၆

၃၁။ မည်သူမျှ မှတ်ပုံတင်အဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းမပြုလုပ်ရ။

၃၂။ မည်သူမျှ လိုင်စင်မရှိဘဲ ပြည်ပမှ တင်သွင်းလာသော အဆိပ်ရှိပစ္စည်းကို ပိုးသတ်ဆေးအဖြစ် ဖော်စပ်ရောင်းချသည့်လုပ်ငန်း၊ ပြည်ပမှတင်သွင်းလာသော ပိုးသတ်ဆေးကို ပြန်လည် ထုပ်ပိုးရောင်းချသည့်လုပ်ငန်းနှင့် ပိုးသတ်ဆေးကို လက်လီလက်ကား ရောင်းချသည့်လုပ်ငန်းများကို မပြုလုပ်ရ။

၃၃။ မည်သူမျှ ပိုးသတ်ဆေးကိုဖြစ်စေ၊ အဆိပ်ရှိပစ္စည်းကိုဖြစ်စေ ပိုးကျသည့်အန္တရာယ် ကာကွယ်နှိမ်နင်းသည့်ကိစ္စမှအပ လူအများစားသုံးသည့်သီးနှံ၊ အစားအစာ သို့မဟုတ် အဖျော်ယမကာ စသည်များတွင် ထည့်သွင်းသုံးစွဲခြင်း၊ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်းကို သုံးစွဲလျက် ရေသတ္တဝါများ၊ ကုန်းသတ္တဝါများကို ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်း မပြုလုပ်ရ။

၃၆။ မည်သူမျှသီးနှံများကို သိုလှောင်ရာတွင် မှတ်ပုံတင်အဖွဲ့က သတ်မှတ်ပေးသည့် ပိုးသတ်ဆေးအမျိုးအစားနှင့် သုံးစွဲနည်းများမှအပ အခြားပိုးသတ် ဆေးအမျိုးအစားနှင့် သုံးစွဲနည်းများကို သုံးစွဲခြင်း မပြုလုပ်ရ။ ဒီပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၁၄)၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၁၄)၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်-

အခန်း (၁၅)၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉-

၃၈။ မည်သူမဆို ပုဒ်မ၂၅၊ ပုဒ်မ၃၀(ဃ)၊ ပုဒ်မ ၃၁၊ ပုဒ်မ ၃၂၊ ပုဒ်မ ၃၃ နှင့် ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ်တစ်ဆယ်သိန်းအထိ ဖြစ်စေ၊ ထောင်ဒဏ် ငါးနှစ် အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ထို့ပြင်ပြစ်မှုတွင်အကျုံးဝင်သည့် သက်သေခံပစ္စည်းများကိုလည်း သိမ်းယူခြင်းခံရမည်။

၃၉။ မည်သူမဆို ပုဒ်မ ၃၅၊ ပုဒ်မ ၃၆ သို့မဟုတ် ပုဒ်မ ၃၇ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ်တစ်ဆယ်သိန်း

အထိဖြစ်စေ၊ ထောင်ဒဏ်တစ်နှစ် အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေရမည်။ ထို့ပြင် ပြစ်မှုတွင် အကျုံးဝင်သည့် သက်သေခံပစ္စည်းများကိုလည်း သိမ်းယူခြင်းခံရမည်။ ဒီပြင်ဆင်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၁၅)၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၁၅)၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း (၁၆)၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅(က)-

၄၄။ ဤဥပဒေ မပြဋ္ဌာန်းမီက ခွင့်ပြုသုံးစွဲလျက်ရှိသော ပိုးသတ်ဆေးများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခွင့်ပြုသည်ဟု မှတ်ယူရမည်။

၄၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ ဒီပြင်ဆင်ချက်များကို အတည်ပြု ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၁၆)၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅ (က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၁၆)၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက်များကို တင်ပြပါမယ်။

မူလဥပဒေကြမ်း၏

အခန်း(၃)၊ အပိုဒ် ၇၊

အခန်း(၆)၊ အပိုဒ် ၁၉(ဃ)၊

အခန်း(၁၄)၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃ တို့ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်များကို အတည်ပြု ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။(သြဘာသံများ)

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်များကို တင်ပြပါမယ်။
မူလဥပဒေကြမ်း၏

အခန်း(၁)၊ အပိုဒ် ၁ ၊ အပိုဒ် ၂ (က)(ဃ)(င)(စ)(ဆ)(ဇ)(ဈ)(ည)(ဌ) (ဍ)(ပ)(ဒ)၊

အခန်း(၃)၊ အပိုဒ် ၅ ၊ အပိုဒ် ၈ (က)(ခ)(ဂ)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂ (ခ)၊

အခန်း(၄)၊ အပိုဒ် ၁၃ (က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၁၄ (က)(ခ) နှင့်ပြောင်းလဲအမှတ်စဉ်ထားသည့်

အခန်း(၅)၊ အပိုဒ် ၁၇ (က)(ခ)၊ အပိုဒ် ၁၈(ဂ)(ဃ)၊

အခန်း(၆)၊ အပိုဒ် ၁၉ (က)၊ အပိုဒ် ၂၁ (က)(ခ)(ဂ)(ဃ)၊

အခန်း (၇)၊ အပိုဒ် ၂၂ (က)(ခ)(စ)(ဆ)(ဇ)(ဈ)(ည)၊

အခန်း (၈)၊ အပိုဒ် ၂၃ (က)(ခ)(ဂ)(ဃ)၊

အခန်း (၉)၊ အပိုဒ် ၂၄ (က)မှ (ဆ)အထိ၊

အခန်း (၁၀)၊ အပိုဒ် ၂၅ (က)(ခ)(ဂ)၊

အခန်း (၁၁)၊ အပိုဒ် ၂၆ (ခ)(ဂ)(င)၊

အခန်း(၁၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၇ (က)(ခ)၊ အပိုဒ် ၂၈ (က)(ခ)၊

အခန်း(၁၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၀ (ခ)၊

အခန်း(၁၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၇၊

အခန်း(၁၅)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄၀၊

အခန်း(၁၆)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၅(ခ)၊ အပိုဒ် ၄၆ တို့ကို မူလအဆိုပြုချက်အတိုင်း ဆက်လက်အတည်ပြုပေးနိုင်ရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၄၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည် ဖြစ်ပါတယ်ခင်ဗျား။ ဒီ အဆိုကို သဘောတူအတည်ပြုပေးနိုင်ပါရန် တင်ပြ အပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၄၆ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သင့်သည်။ ဒီ အဆိုကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပိုးသတ်ဆေးဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ ပိုးသတ်ဆေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၈။**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြစ်ပါတယ်။ လယ်ယာ

စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ စတင်၍ ပိုးသတ်ဆေးဥပဒေမူကြမ်းအား တင်သွင်းဆောင်ရွက်ခဲ့တဲ့အပေါ်မှာ သက်ဆိုင်ရာပညာရှင်များ၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပြင်ဆင်ရေးဆွဲထားပြီး အမျိုးသားလွှတ်တော်က တစ်ပိုဒ်ချင်းအလိုက် အတည်ပြုထားတဲ့ ပိုးသက်ဆေးဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်ကြီးမှ အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၃၉။**

**ဦးအောင်မြင့်သိန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပိုးသတ်ဆေးဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းကို ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကျွန်တော် ဦးအောင်မြင့်သိန်း မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပိုးသတ်ဆေးဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ ပိုးသတ်ဆေးဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ပိုးသတ်ဆေး ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး၊ (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။

ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်-

အခန်း (၁)၊ အပိုဒ် ၁(ခ)၊ အပိုဒ် ၂ (ဃ)(င)(စ)(ဌ)-

၁(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့် နေ့ရက်မှ စတင်၍ အာဏာတည် စေရမည်။

၂(ဃ) အပင်မျိုးမွေးမြူသူဆိုသည်မှာ အပင်မျိုးသစ် သို့မဟုတ် အပင်မျိုး တစ်မျိုးကို မွေးမြူသူ သို့မဟုတ် ရှာဖွေဖော်ထုတ်သူကို လည်းကောင်း၊ အပင်မျိုးမွေးမြူသူအား အဖိုးအခဖြင့် တာဝန်ပေးအပ်သူ လုပ်ငန်းပိုင်ရှင်ကိုလည်းကောင်း၊ အပင်မျိုး မွေးမြူသူ၏ တာဝန်ကို တရားဝင် ဆက်လက်တာဝန်ယူသည့် ပုဂ္ဂိုလ်ကို လည်းကောင်း ဆိုသည်ဟု ပြင်ဆင် ထားပါတယ်။

အသစ်ဖြည့်စွက်ချက်-

(င) အပင်မျိုးသစ်ကို ကာကွယ်သည့် အခွင့်အရေး ဆိုသည်မှာ အပင်မျိုးမွေးမြူသူက မွေးမြူထုတ်လုပ် လိုက်သည့် အပင်မျိုးသစ်ကို ဤဥပဒေ ပုဒ်မ ၂၃ ပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယင်းမျိုး မွေးမြူသူ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရန် ကာကွယ်နိုင်သည့် အခွင့်အရေးကို ဆိုသည်။

(စ) အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး ဆိုသည်မှာကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်ကို ဤဥပဒေ ပုဒ်မ ၂၃ ပါ လုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်မည်ဆိုပါက ယင်းအပင်မျိုး မွေးမြူသူက ခံစားခွင့်ရရှိနိုင်သည့် ရပိုင်ခွင့် အခွင့်အရေးကို ဆိုသည်။

အသစ်ဖြည့်စွက်ချက်-

(ဌ) ဦးစီးဌာန ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာနကို ဆိုသည်။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီပြင်ဆင်ဖြည့်စွက်ချက်များကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၁)၊ အပိုဒ် ၁(ခ)၊ အပိုဒ် ၂ (ဃ)(င)(စ)(ဌ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၁)၊ အပိုဒ် ၁(ခ)၊ အပိုဒ် ၂ (ဃ)(င)(စ)(ဌ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း (၃)၊ အပိုဒ် ၄

၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမျိုးသား အပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီကို ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ဤဥပဒေနှင့် ဆက်စပ်အကျိုးဝင်သည့် ဝန်ကြီးဌာနများရှိသက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူ ပညာရှင်များနှင့် အခြားသင့်လျော်သူများကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်ဖွဲ့စည်းရမည်။ ဒီပြင်ဆင်ချက်ကို အတည်ပြုဆောက်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၃)၊ အပိုဒ် ၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၃)၊ အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် -

အခန်း (၄)၊ အပိုဒ် ၈

၈။ ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူမှ အပင်မျိုးသစ်ကို ကာကွယ်သည့် အခွင့်အရေး လျှောက်ထားလာသည့်အခါ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ယင်းအပင်မျိုးသစ်ကို ကာကွယ်နိုင်သည့် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရမည်။ ဒီပြင်ဆင်ချက်ကို အတည်ပြုဆောက်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၄)၊ အပိုဒ် ၈ ပြင်ဆင်ချက်အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၄)၊ အပိုဒ် ၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း (၅)၊ အပိုဒ် ၁၄

၁၄။ အပင်မျိုးသစ်ကို အမည်ပေးရာတွင် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မျိုးအမည်ပေးရမည်။ ဒီ ပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၅)၊ အပိုဒ် ၁၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း (၅)၊ အပိုဒ် ၁၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း (၆) အခန်းခေါင်းစဉ်၊ အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ် ၁၇၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁(က)(ခ)

**အခန်း(၆)**

**အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးလျှောက်ထားခြင်း**

၁၅။ အပင်မျိုးသစ်ကိုကာကွယ်သည့် အခွင့်အရေးကို အောက်ပါပုဂ္ဂိုလ်များအားလုံး လျှောက်ထားနိုင်သည်-

၁၇။ အပင်မျိုးသစ်ကို ကာကွယ်သည့် အခွင့်အရေး လျှောက်ထားသူသည် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဗဟိုကော်မတီသို့ လျှောက်ထားရမည်။

၂၀။ အပင်မျိုးသစ်ကိုကာကွယ်သည့် အခွင့်အရေး လျှောက်ထားသူသည် အပင်မျိုးသစ် တစ်မျိုးတည်းကို အပင်မျိုးသစ် ကာကွယ်ခြင်းဆိုင်ရာ သဘောတူညီမှု ရရှိထားသော နိုင်ငံခြားတိုင်းပြည်၌ ကာကွယ်ခွင့် လျှောက်ထားခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ထပ်မံလျှောက်ထားလာပါက နည်းဥပဒေပါ ပြဋ္ဌာန်းထားသော ဦးစားပေး အခွင့်အရေးများ ခံစားခွင့် ရရှိစေရမည်။

၂၁။ ဗဟိုကော်မတီသည် အောက်ပါ အခြေအနေများတွင် အပင်မျိုးသစ်အတွက် ယာယီကာကွယ်ပိုင်ခွင့် ပေးအပ်ခြင်းနှင့် ဖျက်သိမ်းခြင်းတို့ကို ထုတ်ပြန်ပေးရမည် -

(က) အပင်မျိုးသစ်ကို ကာကွယ်အခွင့်အရေး လျှောက်ထားခြင်းကို အတည်ပြုပြီးနောက် စမ်းသပ်စစ်ဆေးစဉ် ကာလအတွင်း ယင်းမျိုးသစ်ကို စီးပွားဖြစ် အသုံးချနိုင်ရန် အလို့ငှာ ယာယီကာကွယ်နိုင်သည့် အခွင့်အရေးကို ခံစားခွင့်ပေးအပ်ခြင်း၊

(ခ) ယာယီကာကွယ်ခွင့်ကာလအတွင်း ကာကွယ်ခွင့် လျှောက်ထားခြင်းမှာ ခိုင်လုံမှု မရှိခြင်းနှင့် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ စိစစ်တင်ပြချက်အရ ကာကွယ်ခွင့်လျှောက်ထားခြင်းကို ငြင်းပယ်ခြင်းခံရပါက ယာယီကာကွယ်

ခွင့်အားဖျက်သိမ်းခြင်း။ ဒီပြင်ဆင်ချက်များကို အတည်ပြုဆောက်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဖျက်သိမ်းခြင်းဆိုတဲ့အစား ရုပ်သိမ်းခြင်းဆိုတာက ပိုဆီလျော်ထားပေ့ါ။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပြင်ဆင်လိုက်ပါမယ် ခင်ဗျား။ ရုပ်သိမ်းခြင်း။

**ဥက္ကဋ္ဌ**။ ။ (၂)ခုရှိတယ်။ ၂၁ မှာတစ်ခု။ ၂၁ ခြေဆင်းရယ်၊ (ခ)ရယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ခြေဆင်းနဲ့ အပိုဒ်ခွဲ (ခ)မှာ ပြင်ဆင်လိုက်ပါမယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ရှိသေးလား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၆) အခန်း ခေါင်းစဉ်၊ အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ် ၁၇ ၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၆) အခန်း ခေါင်းစဉ်၊ အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ် ၁၇ ၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း (၇)၊ အပိုဒ် ၂၈ ခြေဆင်း၊ အပိုဒ် ၂၈ (က)(ဂ)၊ အပိုဒ် ၂၉ (က)(ခ)၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂-

၂၈။ အပင်မျိုးမွေးမြူသူသည် အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးသစ်ကိုကာကွယ်နိုင်သည့် အခွင့်အရေးမှ မဖြစ်မနေ ကင်းလွတ်ခွင့် ပေးရမည် -

(က) စီးပွားဖြစ် မဟုတ်သော စိုက်ပျိုးထုတ်လုပ်ခြင်း၊

(ဂ) နည်းဥပဒေတွင် ခွင့်ပြုထားသည့် ပမာဏအရ တောင်သူအချင်းချင်း မျိုးဖလှယ်ခြင်း၊

၂၉။ အပင်မျိုးမွေးမြူသူသည် အောက်ဖော်ပြပါအခြေအနေများတွင် အပင်မျိုးသစ်ကို ကာကွယ်နိုင်သည့် အခွင့်အရေး မရှိစေရ -

(က) အပင်မျိုး မွေးမြူသူကိုယ်တိုင် သို့မဟုတ် ယင်း၏ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းနှင့် နိုင်ငံခြားတိုင်းပြည်များသို့ အပင်မျိုးသစ်ကို တင်ပို့ ရောင်းချရာတွင် ကာကွယ်ခွင့် ရရှိထားသော ယင်း မျိုးသစ်ကို ထပ်မံမျိုးပွားမှုမရှိခြင်း၊

(ခ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်ကို စားသုံးရန်အတွက်သာ တင်ပို့ခြင်း။

၃၀။ ပုဒ်မ ၂၈ နှင့် ပုဒ်မ ၂၉ တို့ပါ ကင်းလွတ်ခွင့်များ၊ ပြဋ္ဌာန်းချက်များနှင့် အများပြည်သူ၏ အကျိုးမှလွဲ၍ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် ကာကွယ်ခြင်းကို ကန့်သတ်ချက် မရှိစေရ။

၃၁။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးသည် ဥပဒေနှင့်အညီ မည်သူမဆို ကုန်ထုတ်လုပ်မှု စည်းမျဉ်းသတ်မှတ်ခြင်း၊ ထောက်ခံချက်ပေးခြင်း၊ ဈေးကွက် တင်ပို့ခြင်းနှင့် ပြည်တွင်း၊ ပြည်ပသို့ ရောင်းချခြင်းစသည့် အကြောင်းခြင်းရာများနှင့် စပ်လျဉ်းခြင်း မရှိစေရ။

၃၂။ ကုန်ထုတ်လုပ်မှု စည်းမျဉ်းသတ်မှတ်ခြင်း၊ ထောက်ခံချက်ပေးခြင်း၊ ဈေးကွက် တင်ပို့ခြင်းနှင့် ပြည်တွင်း၊ ပြည်ပသို့ ရောင်းချခြင်းစသည့် အကြောင်းခြင်းရာများသည် မည်သည့် အခြေအနေတွင်မဆို ဤဥပဒေ၏ အကျိုးသက်ရောက်မှုကို ထိခိုက်ခြင်း အလျဉ်းမရှိစေရ။ ဒီ ပြင်ဆင်ချက်များကို အတည်ပြုဆောင်ရွက် ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။၂၈၊ အပင်မျိုးမွေးမြူသူသည် အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးသစ်ကို ကာကွယ်နိုင်သည့် အခွင့်အရေးမှ မဖြစ်မနေ ကင်းလွတ်ခွင့် ရရှိစေရမည်။ သူကပေးရမှာပေါ့။

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။Subject ပျောက်နေတယ်။ ဟုတ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ၃၁၊ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးသည် ဥပဒေနှင့်အညီ မည်သူမဆို ဆိုတာ မလိုဘူးလေ။ ဥပဒေနှင့်အညီ ကုန်ထုတ်လုပ်မှု စည်းမျဉ်းသတ်မှတ်ခြင်း၊ ထောက်ခံချက်ပေးခြင်း၊ ဈေးကွက်တင်ပို့ခြင်းနှင့် ပြည်တွင်း၊ ပြည်ပသို့ ရောင်းချခြင်းစသည့် အကြောင်းခြင်းရာများ နှင့် စပ်လျဉ်းခြင်း မရှိစေရနော်။ မည်သူမဆိုဆိုတာ ပိုနေတယ်။

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၇)၊ အပိုဒ် ၂၈ ခေါင်းစဉ်၊ အပိုဒ် ၂၈ (က)(ဂ)၊ အပိုဒ် ၂၉ (က)(ခ)၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၇)၊ အပိုဒ် ၂၈ ခေါင်းစဉ်၊ အပိုဒ် ၂၈ (က)(ဂ)၊ အပိုဒ် ၂၉ (က)(ခ)၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း (၈)၊ အပိုဒ် ၃၄(က)(ခ)၊ အပိုဒ် ၃၆(က)(ဂ)၊ အပိုဒ် ၃၇

၃၄။ အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး ပျက်ပြယ်စေရမည်-

(က) အပင်မျိုးသစ်ကို ကာကွယ်သည့် အခွင့်အရေး ပေးအပ်ပြီး နောက်ပိုင်း ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ခ) အပင်မျိုးသစ်ကို ကာကွယ်သည့် အခွင့်အရေးပေးအပ်ပြီး နောက်ပိုင်း အပင်မျိုးမွေးမြူသူ တင်ပြရမည့် မျိုးသစ်နှင့် စပ်လျဉ်းသည့် သတင်း အချက်အလက်များ၊ မှတ်တမ်း မှတ်ရာများသည် ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

၃၆။ အောက်ဖော်ပြပါ အခြေအနေများတွင် ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် ကာကွယ်နိုင်သည့် အခွင့်အရေးကို ဖျက်သိမ်း ရမည်-

(က) ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ တို့ပါ ပြဋ္ဌာန်းချက်များကို ရေရှည်ထိန်းသိမ်း ထားနိုင်မှု မရှိခြင်း၊

(ဂ) အပင်မျိုးမွေးမြူသူက ယင်း၏ ရပိုင်ခွင့်အခွင့်အရေးကို ဆက်လက် ထိန်းသိမ်းရန် အတွက် ပေးရန်ရှိသည့် အခွန်အခပေးအပ်ရန် ပျက်ကွက်ခြင်း။

၃၇။ ပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်များမှအပ အခြားမည်သည့် အခြေအနေများတွင်မဆို အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကို ဖျက်သိမ်းခြင်း မရှိစေရ။ ဒီ ပြင်ဆင်ချက်များကို အတည်ပြုဆောက်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ (၃၆) ခေါင်းစဉ်၊ (၃၇) ဖျက်သိမ်းမှာ ရုပ်သိမ်းလို့ ပြင်ပါ။

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့။ ပြင်ဆင်ပါမယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာန ပြောစရာရှိလား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၈)၊ အပိုဒ် ၃၄(က)(ခ)၊ အပိုဒ် ၃၆(က)(ဂ)၊ အပိုဒ် ၃၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၈)၊ အပိုဒ် ၃၄(က)(ခ)၊ အပိုဒ် ၃၆(က)(ဂ)၊ အပိုဒ် ၃၇ သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း (၉) ၊ အပိုဒ် ၃၈

၃၈။ မည်သူမဆို ကာကွယ်ခွင့် ရရှိထားသော အပင်မျိုးသစ်ကို ယင်း အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်မရှိဘဲ ပုဒ်မ ၂၃ ပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံးထောင်ဒဏ် သုံးနှစ်အထိ ဖြစ်စေ၊ အနည်းဆုံး ငွေဒဏ် ကျပ်တစ်ဆယ်သိန်းမှ အများဆုံးငွေဒဏ် ကျပ် သိန်းငါးဆယ်အထိ ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။ ဒီပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၉)၊ အပိုဒ် ၃၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၉)၊ အပိုဒ် ၃၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဥက္ကာစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း (၁၀)၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃

၄၂။ အပင်မျိုးသစ်ကို ကာကွယ်ခွင့် အခွင့်အရေးရရှိရန် လျှောက်ထားရာတွင် လိုအပ်သော စစ်ဆေးမှုများ ပြုလုပ်ခြင်းအတွက် ကုန်ကျမည့် အခကြေးငွေများကို လျှောက်ထားသူက ပေးဆောင်စေရမည်။

၄၃။ ဗဟိုကော်မတီသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အပင်မျိုးသစ်ကို ကာကွယ်ခွင့် အခွင့်အရေးရရှိရန် လျှောက်ထားသူက ပေးဆောင်ရမည့် အခွန်အခများကို သတ်မှတ်ပေးရမည်။ ဒီ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၁၀)၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၁၀)၊ အပိုဒ် ၄၂၊ အပိုဒ် ၄၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဥက္ကာစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်များကို တင်ပြပါမယ်။

မူလဥပဒေကြမ်းရဲ့

ဥပဒေကြမ်း၏ခေါင်းစဉ်-

အခန်း(၁)၊ အပိုဒ် ၁ (က)၊ အပိုဒ် ၂ (က)(ခ)(ဂ)(စ)(ဆ)(ဇ)(ဈ)(ည)

အခန်း(၂)၊ အပိုဒ် ၃ (က)(ခ)(ဂ)(ဃ)

အခန်း(၃)၊ အပိုဒ် ၅၊ အပိုဒ် ၆

အခန်း(၄)၊ အပိုဒ် ၇(က)(ခ)(ဂ)(ဃ)၊ အပိုဒ် (၉)

အခန်း(၅)၊ အပိုဒ် ၁၀(က)(ခ)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃

အခန်း(၆)၊ အပိုဒ် ၁၅ (က)(ခ)(ဂ)၊ အပိုဒ် ၁၆ ၊အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၂

အခန်း (၇)၊ အပိုဒ် ၂၃ (က)မှ (စ) အထိ၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇ (က)(ခ)(ဂ)၊ အပိုဒ် ၂၈ (ခ)(ဃ)၊ အပိုဒ် ၃၃

အခန်း (၈)၊ အပိုဒ် ၃၄(ဂ)၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆(ခ)

အခန်း(၁၀)၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁၊ အပိုဒ် ၄၄ တို့ကို မူလအဆိုပြုချက်အတိုင်း ဆက်လက်အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ တင်ပြချက်များကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်းအတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ယခုအဆိုမှာ ဤ ဥပဒေကြမ်း အပိုဒ် ၁ မှ ၄၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဒီ အဆိုကို အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၄၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဥက္ကာစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုကို အတည်ပြုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၅၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကအတည်ပြုပေးဖို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၇။**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ တောင်သူများသီးနှံစိုက်ပျိုး ထုတ်လုပ်ရာမှာ အပင်မျိုးသစ်မွေးမြူသူများရဲ့ ရပိုင်ခွင့်အခွင့်အရေးကို အကာအကွယ်ပေးနိုင်ရေး၊ အပင်မျိုးသစ်မွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အပင်မျိုးသစ်မွေးမြူရေးခြင်းလုပ်ငန်းမှာ ပြည်တွင်း၊ ပြည်ပရင်းနှီး မြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရေးနဲ့ အပင်မျိုးသစ်များ မွေးမြူရရှိလာခြင်းအားဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူများစွာ ဖြစ်စေရေးတို့အတွက် သက်ဆိုင်ရာပညာရှင်များ၊ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းပြင်ဆင်ရေးဆွဲထားပြီးဖြစ်ပြီး အမျိုးသားလွှတ်တော်မှ တစ်ပိုဒ်ချင်းဆုံးဖြတ်အတည်ပြုထားတဲ့ အပင်မျိုးသစ်အကာအကွယ်

ပေးရေး ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်ကြီးမှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၅၈။**

**ဦးဌေးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းကို ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇) ကျွန်တော် ဦးဌေးရယ် က ထောက်ခံအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၅၉။**

**ဥက္ကဋ္ဌ။** ။ ယခု အဆိုမှာ အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည် ဖြစ်သည်။

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ ။** ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၂း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၀၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်ပိုင်း ခွင့်(၁၆)ဦး ရှိပါတယ်။ ဦးဒွေးမောင်၊ မန္တလေး(၁၂)၊ ဆေးစစ်ခံရန်။ ဦးမြအုန်း၊ ကချင်(၈)၊ ကျန်းမာရေး။ ဦးထွန်းဇော် (ခ)ကိုပေါက်၊ ပဲခူး(၁၂)၊ ဆေးစစ်။ ဦးဖေသောင်း၊ ကချင်(၆)၊ ကျန်းမာရေး။ ဦးခင်မောင်ရီ၊ ဧရာဝတီ (၆)၊ ပြည်ထောင်စုလွှတ်တော်တွင် အစည်းအဝေး။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ နေ့လယ်ပိုင်းခွင့်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် နေ့လယ်ပိုင်း ခွင့်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၃း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၂၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဥပဒေကြမ်းကိုဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့ အတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၅။**

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

**သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး ဥပဒေ**

**(၂၀၁၅ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၇ ခုနှစ်၊ လ ရက်**

**(၂၀၁၅ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ ဒီ ပြင်ဆင်ချက်ကို လွှတ်တော် က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဆွေးနွေးစရာကိစ္စရှိလျှင် ခွင့်တောင်းပြီး ဆွေးနွေးနိုင်ပါတယ်။ တစ်ပိုဒ်ချင်းစီ မမေးတော့ပါဘူး။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ အခန်း(၁) အပိုဒ် ၁၊ အပိုဒ် ၂(ဂ)(ဆ)(ဇ)(ဋ)(ဌ)(ပ)(တ)(ထ)-

၁။ ဤဥပဒေကို သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဆိုင်ရာဖွံ့ဖြိုးရေး ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(ဂ) ဆန်းသစ်တီထွင်မှု ဆိုသည်မှာ မူလစိတ်ကူး၊ ထုတ်ကုန်၊ နည်းပညာတစ်ခုခုကို အခြေခံလျက် ထူးခြားဆန်းသစ်သော တီထွင်ကြံဆမှုတို့ဖြင့် ပိုမိုကောင်းမွန်သော၊ ကွဲပြားခြားနားသော၊ အဖိုးတန်သောစိတ်ကူးများ၊ ထုတ်ကုန်များ၊ နည်းပညာများကို ဖော်ထုတ်ခြင်း၊ အသုံးချခြင်းကို ဆိုသည်။

(ဃ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်ထီထွင်မှုဆိုင်ရာ သုတေသနလုပ်ငန်းများ ဆိုသည်မှာ သိပ္ပံနည်းကျစွာ စူးစမ်းလေ့လာမှုများကို လက်တွေ့ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် တွေ့ရှိချက်များအပေါ် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ပေးသည့် လုပ်ငန်းများကို ဆိုသည်။

(ဇ) သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများဆိုသည်မှာ သိပ္ပံနယ်ပယ်တွင် လက်တွေ့ အသုံးပြုလျက်ရှိသည့် အသိပညာ၊ အတတ်ပညာနှင့်ကျွမ်းကျင်မှုများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သည့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ လေ့ကျင့်သင်ကြားရေးလုပ်ငန်းများ၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ထုတ်လုပ်မှုလုပ်ငန်းများကို လည်းကောင်း၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ် တီထွင်မှုဆိုင်ရာ သုတေသနလုပ်ငန်းများကို လည်းကောင်း ဆိုသည်။

(ဈ) ကောင်စီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အမျိုးသား သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဆိုင်ရာဖွံ့ဖြိုးရေး ကောင်စီကို ဆိုသည်။

(ည) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးကော်မတီများ ဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဆိုင်ရာဖွံ့ဖြိုးရေး နယ်ပယ်တစ်ခုချင်းအလိုက် ကောင်စီ၏အောက်တွင် ဖွဲ့စည်းထားရှိသော သက်ဆိုင်ရာကျွမ်းကျင်ပညာရှင် အဖွဲ့များကိုဆိုသည်။

(ဋ) သက်ဆိုင်ရာဝန်ကြီးဌာနများဆိုသည်မှာ သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနများကို ဆိုသည်။

(ဌ) ဦးစီးဌာနဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနကိုဆိုသည် ။

အသစ်ဖြည့်စွက်ချက်-

(ဍ) မှတ်ပုံတင်အရာရှိဆိုသည်မှာ ဤဥပဒေအရလျှောက်ထားသော နည်းပညာ လွှဲပြောင်းရေးဆိုင်ရာ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်များကို စိစစ်၍ မှတ်ပုံတင်ပေးသော ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ၁ က ဤဥပဒေကို သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဆိုင်ရာဖွံ့ဖြိုးရေး ဥပဒေ၊ မှန်တယ်နော်။

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။မှန်ပါတယ်ခင်ဗျ။

**ဥက္ကဋ္ဌ**။ ။(ဂ) ဆန်းသစ်တီထွင်မှု ဆိုသည်မှာ မူလစိတ်ကူး၊ ထုတ်ကုန်၊ နည်းပညာ တစ်ခုခုကို အခြေခံလျက် ထူးခြားဆန်းသစ်သော တီထွင်ကြံဆမှုတို့ဖြင့် ပိုမိုကောင်းမွန်သော၊ ကွဲပြား ခြားနားသော၊ အဖိုးတန်သောစိတ်ကူးများဆိုတာ စိတ်ကူးများနဲ့တော့ သူက မရဘူး။ စိတ်ကူးများဖြင့် "ဖြင့်" တစ်လုံးထည့်မှရမယ်။ ထုတ်ကုန်များ၊ နည်းပညာများကို ဖော်ထုတ်ခြင်း၊ အသုံးချခြင်းကို ဆိုသည်နော်။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂(ဂ)(ဆ)(ဇ)(ဋ)(ဌ)(ပ)(တ)(ထ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂(ဂ)(ဆ)(ဇ)(ဋ)(ဌ)(ပ)(တ)(ထ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဥာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၂) အပိုဒ် ၃ (က)(င)(ဆ)

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အမျိုးသား လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေမည့် ကုန်ထုတ် လုပ်ငန်း တိုးတက်ရေးအတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဆိုင်ရာ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊

(င) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သိပ္ပံ၊ နည်း ပညာနှင့် ဆန်းသစ်တီထွင်မှု နယ်ပယ် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အောင်မြင် တိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပရှိ သုတေသနဌာန များ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အခြား အဖွဲ့ အစည်းများအကြား အချင်းချင်းဆက်သွယ် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(ဆ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် သိပ္ပံ၊ နည်း ပညာနှင့် ဆန်းသစ်တီထွင်မှု လုပ်ငန်းနယ်ပယ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ

ဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်းသစ်တီထွင်ဖန်တီးမှုများနှင့် စျေးကွက်စီးပွားရေးကို အားပေးသော သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်ဖြစ်ပါတယ်။ ဒီပြင်ဆင်ချက်များကို အတည်ပြုဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃ (က) (င)(ဆ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃ (က)(င)(ဆ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး၊ (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း ၃၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄ (က)(၁)(၅)(၆)

## အခန်း (၃)

## အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဆိုင်ရာ ဖွံ့ဖြိုးရေးကောင်စီ ဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) အမျိုးသားသိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှု ဆိုင်ရာဖွံ့ဖြိုးရေးကောင်စီကိုအဖွဲ့ဝင် (၆၀)ဦး ထက်မပိုသော အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေး ဥက္ကဋ္ဌ
အပ်သည့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦး

(၅) တာဝန်ခံဝန်ကြီးဌာန၏ ဒုတိယဝန်ကြီး အတွင်းရေးမှူး

(၆) ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး

ဒီ ပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း ၃၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၄ (က)(၁)(၅)(၆) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၃၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၄ (က)(၁)(၅)(၆) သည် ဤဥပဒေကြမ်း၏ အစိတ် အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး၊ (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အခန်း(၄)၊ အပိုဒ် ၇(က)(ခ)(ဃ)(စ)(ဆ)(ဇ)(ည)(ဋ)(ဌ)(ဍ)(ပ)

၇။ ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် မူဝါဒများကိုလေ့လာ ပြုစု၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများက ဆောင်ရွက်လျက်ရှိသည့် သုတေသန အခြေပြုသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို လမ်းညွှန်ခြင်း၊ အားပေးခြင်း၊ အထောက်အကူပြုခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဃ) ပြည်တွင်း၊ ပြည်ပရှိ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ် တီထွင်မှု ဆိုင်ရာဖွံ့ဖြိုးရေး သုတေသနဌာနများ၊ တက္ကသိုလ်များ၊ အခြားအဖွဲ့အစည်းများနှင့်ဆက်သွယ် ပူးပေါင်း ဆောင်ရွက်နိုင်ရန် အစီအမံများချမှတ်ခြင်း၊

(စ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးအသင်းအဖွဲ့များ၊ တိုင်း ဒေသကြီးနှင့် ပြည်နယ်အဆင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်း ဆောင်ရွက်နိုင်ရေး အတွက် ဦးဆောင်မှုပေးခြင်း၊ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဆ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး ပြည်တွင်းပြည်ပ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စာတမ်းဖတ်ပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ နှစ်စဉ် ကျင်းပရေးနှင့် တက်ရောက်ရေးတို့အတွက် အားပေးခြင်း၊

(ဇ) အမျိုးသားအဆင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး ဥယျာဉ်၊ ပြတိုက်နှင့် စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(ည) ကောင်စီ၏အောက်တွင် သင့်လျော်မည့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုနယ်ပယ် တစ်ခုချင်းအလိုက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးကော်မတီများ ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီများကို သက်ဆိုင်ရာကောင်စီဝင်တစ်ဦးဦးကဦးဆောင်ပြီး သင့်လျော်မည့်ပညာရှင်များဖြင့် ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဟု ပြင်ဆင်ထားပါတယ်။

အသစ်ဖြည့်စွက်ချက်-

(ဋ) ပြည်ပရောက် မြန်မာနိုင်ငံသားသိပ္ပံပညာရှင်များနှင့် နိုင်ငံတကာ သိပ္ပံပညာရှင်များကို မြန်မာနိုင်ငံ၏ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်လာစေရန် လိုအပ်သော အစီအမံများ ချမှတ်ခြင်းနှင့် စည်းရုံးဆောင်ရွက်ခြင်း ဟု ဖြည့်စွက်ထားပါတယ်။

(ဌ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သုတေသနစီမံကိန်းများအတွက် နှစ်စဉ်လိုအပ်မည့် အသုံးစရိတ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့နိုင်ရန် တာဝန်ခံဝန်ကြီးဌာနသို့ အကြောင်းကြားခြင်း၊

(ဍ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေတစ်ရပ် ထူထောင်၍ လက်ခံရယူခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စာရင်းရှင်းလင်းခြင်းတို့ကို တာဝန်ယူ ဆောင်ရွက်မည့် ရန်ပုံငွေ စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း၊

(ပ) ကောင်စီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ပြည်ထောင်စု အစိုးရအဖွဲ့သို့ နှစ်စဉ် တင်ပြခြင်း။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၇(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများက ဆောင်ရွက်လျက်ရှိသော သုတေသန အခြေပြုဆိုတာ ပိုနေတယ်။ ဆောင်ရွက်လျက်ရှိသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်ငန်းကိုက သုတေသနလုပ်ငန်းဆိုတော့ သုတေသနအခြေပြုဆိုတာ ပိုနေတယ်နော်။

**ဒေါက်တာမြတ်ဥာဏစိုး၊ (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့၊ ဖျက်လိုက်ပါမယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၇(က)(ခ)(ဃ)(စ)(ဆ)(ဇ)(ည)(ဋ)(ဌ)(ဍ)(ဎ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၇(က)(ခ)(ဃ)(စ)(ဆ)(ဇ)(ည)(ဋ)(ဌ)(ဍ)(ဎ) သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဥာဏစိုး၊ (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၅)၊ အခန်းခေါင်းစဉ် အပိုဒ် ၈၊ အပိုဒ် ၉ (က)(င)(စ)

## အခန်း (၅)

## သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဆိုင်ရာဖွံ့ဖြိုးရေး ကော်မတီများဖွဲ့စည်းခြင်းနှင့် ယင်းတို့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ကောင်စီသည် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဆိုင်ရာ ဖွံ့ဖြိုးရေး ကော်မတီများကို သက်ဆိုင်ရာ ဘာသာရပ် နယ်ပယ်အလိုက် သုတေသနဌာနများ၊ တက္ကသိုလ်များ၊ စက်မှု ကုန်ထုတ်လုပ်ငန်းများနှင့် အခြားအဖွဲ့အစည်းများမှ ကျွမ်းကျင် ပညာရှင်များဖြင့် ဖွဲ့စည်းနိုင်သည်။

၉။ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဆိုင်ရာဖွံ့ဖြိုးရေး ကော်မတီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးကော်မတီအလိုက် ခေတ်မီ သိပ္ပံနှင့် နည်းပညာရပ်များကို အသုံးချဆောင်ရွက်နေမှုများ၊ အခက်အခဲများ၊ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို စိစစ်လေ့လာခြင်း၊ မှတ်တမ်းများ ပြုစုခြင်း၊ နှစ်စဉ်တိုးတက် ဖွံ့ဖြိုးမှုအစီရင်ခံစာကို ကောင်စီသို့ တင်ပြခြင်း၊

(င) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူ့စွမ်းအား အရင်းအမြစ်များနှင့် တီထွင်ဖန်တီးမှုများ တိုးတက်မြင့်မားရေးတို့အတွက် ရန်ပုံငွေ ထောက်ပံ့ရာတွင် စိစစ်ရွေးချယ်ခြင်း၊ သုတေသနလုပ်ငန်းများ လက်တွေ့ထိရောက်မှု ရှိ၊ မရှိ စိစစ်ခြင်း၊ ထိန်းသိမ်းကွပ်ကဲခြင်းနှင့် အားပေးခြင်း၊

(စ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု နယ်ပယ်အလိုက် ထူးချွန်သော ပညာရှင်များ၊ တီထွင်သူများအား ရွေးချယ်သတ်မှတ်ရာတွင် ကောင်စီကို ကူညီ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ဒီပြင်ဆင်ချက်များကို အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အခန်း ခေါင်းစဉ် အပိုဒ် ၈၊ အပိုဒ် ၉ (က)(င)(စ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အခန်း ခေါင်းစဉ် အပိုဒ် ၈၊ အပိုဒ် ၉ (က)(င)(စ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး၊ (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၆)၊ အပိုဒ် ၁၀

၁၀။ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၄)အရ ဖွဲ့စည်းခဲ့သော မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာနကို သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းသည်။ ဒီပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆) အပိုဒ် ၁၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။ ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆) အပိုဒ် ၁၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၇)၊ အပိုဒ် ၁၂ (စ)(ဆ)(ည)(ဋ)(ဎ)(ဏ)

၁၂။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်း ဖြစ်သည် -

(စ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး အခြေခံသုတေသန လုပ်ငန်းများ၊ လက်တွေ့ အသုံးချ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဆ) ပြည်တွင်း စက်မှုလုပ်ငန်းများတွင် တွေ့ကြုံရသော ကုန်ထုတ်လုပ်မှု နည်းပညာ အခက်အခဲနှင့် ပြဿနာများကို ကူညီဖြေရှင်းပေးရေးအတွက် ဦးတည်သည့် ဆန်းသစ် တီထွင်မှုဆိုင်ရာဖွံ့ဖြိုးရေး သုတေသန လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး ပြည်တွင်းပြည်ပ ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ နှစ်စဉ်ကျင်းပခြင်း၊ တက်ရောက်ခြင်း၊ ပညာရှင် ဖလှယ်ခြင်း နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ အစားအသောက်နှင့် ဆေးဝါးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဎ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး ဥယျာဉ်နှင့် ပြတိုက်များ တည်ထောင် ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဏ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး အကြံပေးမှုနှင့် ဝန်ဆောင်မှု လုပ်ငန်းများ၊ သတင်းအချက်အလက်များ ပြုစုထိန်းသိမ်းခြင်းနှင့် ပြန်ကြားရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း။ ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ (ဆ)မှာ (ကို)နှစ်လုံးထပ်နေတယ်။ ပြည်တွင်း စက်မှုလုပ်ငန်းများတွင် တွေ့ကြုံရသော ကုန်ထုတ်လုပ်မှု နည်းပညာ အခက်အခဲနှင့် ပြဿနာများကို ကူညီဖြေရှင်းပေးရေး အတွက် (ကို)အစား (အတွက်)လို့ ထည့်လိုက်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၂ (စ)(ဆ)(ည)(ဍ)(ပ)(ဏ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၂ (စ)(ဆ)(ည)(ဍ)(ပ)(ဏ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၃(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၁၄ (က)(ခ)(ဂ)၊ အပိုဒ် ၁၅ (က)(ခ) (ဂ)(ဃ)(င)(စ)၊ အပိုဒ် ၁၆

## အခန်း (၈)

## ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်း

၁၃။ ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သိပ္ပံနှင့် နည်းပညာ လူ့စွမ်းအား အရင်းအမြစ်များ၊ ဆန်းသစ်တီထွင် ဖန်တီးမှုများ၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်စီးပွားရေးကို အထောက်အကူပြုသော သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ထားရှိရမည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသည့်ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေများ၊

(ခ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများ၊

(ဂ) သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများမှ ရရှိသည့် ငွေကြေးများ၊

(ဃ) ရန်ပုံငွေမှ တရားဝင် တိုးပွားမှုများ။

၁၄။ ကောင်စီသည် -

(က) ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ ငွေစာရင်း ပြုစုခြင်း၊ စာရင်း စစ်ဆေးခြင်းတို့နှင့် စပ်လျဉ်း၍ လိုအပ်သော ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများ ကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲ၍ သတ်မှတ်ပြီး ယင်းဘဏ္ဍာ ရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာကျင့်သုံး ဆောင်ရွက်ရမည်။

(ခ) ရန်ပုံငွေစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှု ခံယူရမည်။

(ဂ) ရန်ပုံငွေသုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ လှူဒါန်းထောက်ပံ့သည့် ပြည်တွင်း ပြည်ပရှိ အဖွဲ့အစည်းများ၊ စေတနာရှင်များနှင့် အများပြည်သူ ထင်သာမြင်သာ ရှိစေရန် ဆောင်ရွက်ရမည်။

၁၅။ ကောင်စီသည် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးသုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာနများ ၏ ဦးစီးဌာနများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၊ ပုဂ္ဂလိက စက်မှု ကုန်ထုတ် လုပ်ငန်းများနှင့် အခြား သုတေသန အဖွဲ့အစည်းများ၏ အောက်ဖော်ပြပါ လုပ်ငန်းကိစ္စ အမျိုးအစားအလိုက် သိပ္ပံ၊ နည်း ပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေမှ သင့်လျော်သလို ထောက်ပံ့နိုင်သည်-

(က) အမျိုးသားအဆင့် သုတေသနလုပ်ငန်းများ၊

(ခ) တီထွင်ဖန်တီးမှု ဖွံ့ဖြိုးရေး သုတေသန လုပ်ငန်းများ၊

(ဂ) မျိုးဆက်သစ် လူငယ်များ ဆောင်ရွက်နေသည့် သုတေသနလုပ်ငန်းများ၊

(ဃ) ယှဉ်ပြိုင်မှုအခြေခံသော သုတေသနလုပ်ငန်းများ၊

(င) ပြည်တွင်း၊ ပြည်ပသုတေသန ပညာတော်သင်ဆု ထောက်ပံ့ခြင်း ကိစ္စ၊

(စ) နိုင်ငံတကာအဆင့်နှင့် အမျိုးသားအဆင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ် တီထွင်မှု ဆိုင်ရာဖွံ့ဖြိုးရေးအစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများ၊ သင်တန်း များ တက်ရောက်ခြင်းနှင့် ကျင်းပခြင်းဆိုင်ရာ ကိစ္စများ။

၁၆။ ကောင်စီသည် သိပ္ပံနှင့် နည်းပညာနယ်ပယ်မှ ထူးချွန်သော ပညာရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဆန်းသစ် တီထွင်ဖန်တီးသူများအား ထိုက်သင့်သည့် ဆုကြေးငွေ သတ်မှတ်ပြီး ဆုချီးမြှင့်နိုင်သည်။ ဒီပြင်ဆင်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ၁၄(ခ)က ရန်ပုံငွေစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့၏ ဖတ်တုန်းကတော့ မပါဘူး။ ဒီမှာ (တို့) တစ်လုံး ပိုနေတယ်။ (တို့) ဖျက်လိုက်ဦး။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၁၃(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၁၄ (က)(ခ)(ဂ)၊ အပိုဒ် ၁၅ (က)(ခ)(ဂ)(ဃ)(င)(စ)၊ အပိုဒ် ၁၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၃(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၁၄ (က)(ခ)(ဂ)၊ အပိုဒ် ၁၅ (က)(ခ)(ဂ)(ဃ)(င)(စ)၊ အပိုဒ် ၁၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် ဖြည့်စွက်ချက်-

အခန်း(၉)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀(ဂ) (ဃ) (င) ၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂ ၊အပိုဒ် ၂၃၊ အပိုဒ် ၂၄ (က)(ခ)(ဂ)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈

၁၇။ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဌာနများ၊ စက်မှုကုန်ထုတ် လုပ်ငန်းများ၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၏ အောင်မြင်သော သုတေသန ရလဒ်များ၊ နည်းပညာဆိုင်ရာ အသိပညာများနှင့်တီထွင်မှု အပါအဝင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် နည်းပညာများကို လွှဲပြောင်းနိုင်သည်။

၁၈။ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုမှ အခြားပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်း တစ်ခုသို့ ပုဒ်မ ၁၇ အရ နည်းပညာများကို လွှဲပြောင်းရာတွင် နှစ်ဦးနှစ်ဖက် သဘောတူ စာချုပ်ချုပ်ဆိုရမည်။

၁၉။ နည်းပညာ လွှဲပြောင်းခြင်းဆိုင်ရာ နှစ်ဦးနှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုရာတွင် တည်ဆဲဥပဒေနှင့် ကောင်စီက ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

၂၀။ ပုဒ်မ ၁၈ အရ နည်းပညာကို လွှဲပြောင်းရာတွင် အောက်ပါ နည်းလမ်းတစ်ရပ်ရပ်နှင့်အညီ လွှဲပြောင်းနိုင်သည် -

(ဂ) ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပသို့ဖြစ်စေ ရောင်းချခြင်း

အသစ်ဖြည့်စွက်ချက်-

(ဃ) ပြည်တွင်းမှ ပြည်ပသို့ဖြစ်စေ၊ ပြည်ပမှ ပြည်တွင်းသို့ဖြစ်စေ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

(င) အသုံးပြု၍ ရရှိလာသော အကျိုးအမြတ်ပေါ် မူတည်၍ ရာခိုင်နှုန်းဖြင့် အသုံးပြုခွင့် ပေးခြင်း။

၂၁။ ပြည်တွင်း၌လည်းကောင်း၊ ပြည်ပမှလည်းကောင်း၊ ပြည်ပသို့လည်းကောင်း နည်းပညာ လွှဲပြောင်းခြင်းနှင့် သက်ဆိုင်သော စည်းကမ်းချက်များသည် တည်ဆဲဥပဒေနှင့် ကောင်စီက ချမှတ်ထား သော စည်းကမ်းချက်များနှင့်အညီ ဖြစ်စေရမည်။

၂၂။ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက နည်းပညာ လွှဲပြောင်းရာတွင် သက်ဆိုင်ရာ တီထွင်သူ သို့မဟုတ် လွှဲပြောင်းပေးသည့် နည်းပညာကိုဆန်းသစ်တီထွင် ဖော်ထုတ်ခဲ့သည့် အဓိကပါဝင်သူများ၏ သဘောတူခွင့်ပြုချက်ကို ရယူရမည်။

၂၃။ နည်းပညာ လွှဲပြောင်းသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် နည်းပညာ လွှဲပြောင်းရေး ဆိုင်ရာ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်ကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင် အရာရှိထံသို့ မှတ်ပုံတင်ရန် လျှောက်ထားရမည်။

၂၄။ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၂၃ အရ မှတ်ပုံတင်ရန် လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ မှတ်ပုံတင်ရန် ခွင့်ပြုပါက နည်းပညာလွှဲပြောင်းရေး သဘောတူ စာချုပ်ကို မှတ်ပုံတင်ပြီး သတ်မှတ်ထားသော မှတ်ပုံတင်ကြေး ပေးသွင်းစေရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ မှတ်ပုံတင်ပြီးပါက စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူ အား မှတ်ပုံတင် လက်မှတ် ထုတ်ပေးရမည်။

၂၅။ မှတ်ပုံတင်ရန် လျှောက်ထားချက်အပေါ် ပုဒ်မ ၂၄၊ ပုဒ်မခွဲ(က)အရ ဆိုင်းငံ့ကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း မှတ်ပုံတင်အရာရှိ၏ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း သည် ထိုသို့ ဆုံးဖြတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း တာဝန်ခံဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၂၆။ တာဝန်ခံဝန်ကြီးဌာနသည် ပုဒ်မ ၂၅ အရ အယူခံမှုကို စိစစ်ပြီး မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၇။ နည်းပညာ လွှဲပြောင်းခြင်းဆိုင်ရာ နှစ်ဦးနှစ်ဖက် သဘောတူ စာချုပ်ကို မှတ်ပုံတင်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဤဥပဒေအရ ကောင်စီ၊ တာဝန်ခံဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်ခွင့်နှင့် အထောက်အပံ့အကူအညီ ရရှိခွင့် ရှိသည်။

၂၈။ ဤဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်ထားသော နည်းပညာ လွှဲပြောင်းခြင်းဆိုင်ရာ နှစ်ဦး နှစ်ဖက် သဘောတူစာချုပ်သည်သာ ဥပဒေကြောင်းအရ တရားဝင်အတည်ဖြစ်စေရမည်။ ဒီပြင်ဆင် ဖြည့်စွက်ချက်များကို အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၁၇ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းဌာနများ၊ စက်မှုကုန်ထုတ်လုပ်ငန်း များ၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ၏ အောင်မြင်သော

သုတေသနရလဒ်များ၊ နည်းပညာဆိုင်ရာအသိပညာများနှင့် တီထွင်မှုအပါအဝင် အသိ ဉာဏ်ပစ္စည်း မူပိုင်နည်းပညာများကို လွှဲပြောင်းနိုင်သည်လို့ ဖြစ်ရမယ်။ (ခွင့်)ပိုနေတယ်။ မူပိုင်ခွင့်ဆိုတာ တခြား ဥပဒေနဲ့ ပတ်သက်တာ။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉) အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀(ဂ)(ဃ)(င)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂ ၊အပိုဒ် ၂၃၊ အပိုဒ် ၂၄(က)(ခ)(ဂ)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉) အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀(ဂ) (ဃ) (င)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊အပိုဒ် ၂၃၊ အပိုဒ် ၂၄ (က)(ခ)(ဂ)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၀) အပိုဒ် ၂၉၊ အပိုဒ် ၃၀(က)(ခ)၊ အပိုဒ် ၃၁

၂၉။ သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၅/ ၉၄) အရ ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် -

(က) တာဝန်ခံဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်း ဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ လိုအပ်သော က မလိုပါဘူးခင်ဗျား။ ကျွန်တော်တို့ ဖွဲ့စည်းပုံ ၉၇ (က) ၁၊ ၂ အရ လိုအပ်သော အပို ပါနေလို့ပါခင်ဗျား။

(ခ) ကောင်စီ၊ တာဝန်ခံဝန်ကြီးဌာနနှင့် ဦးစီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြား ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။

၃၁။ သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၅/ ၉၄)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀) အပိုဒ် ၂၉၊ အပိုဒ် ၃၀(က)(ခ)၊ အပိုဒ် ၃၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀) အပိုဒ် ၂၉၊ အပိုဒ် ၃၀(က)(ခ)၊ အပိုဒ် ၃၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက်များကို တင်ပြပါမယ်။

မူလဥပဒေကြမ်း၏

အခန်း(၁)၊ အပိုဒ် ၂(ထ)၊

အခန်း(၄)၊ အပိုဒ် ၇(ဈ)(ဠ)

အခန်း(၈)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈

အခန်း(၁၀)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈

အခန်း(၁၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀ တို့ကို မလိုအပ်တဲ့အတွက် ပယ်ဖျက်ထားပါတယ်။ ဒီပယ်ဖျက်ချက်များကို အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီပယ်ဖျက်ချက်များကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်များကို ဆက်လက်တင်ပြပါမယ်။

မူလဥပဒေကြမ်း၏

အခန်း(၁)၊ အပိုဒ် ၂(က)(ခ)(ဃ)(င)(စ)(ဈ)(ည)(ဍ)(ဏ)

အခန်း(၂)၊ အပိုဒ် ၃(ခ)(ဂ)(ဃ)(စ)

အခန်း(၃)၊ အပိုဒ် ၄ (က) (၂)(၃)(၄)၊ ၄(ခ)၊ အပိုဒ် ၅၊ အပိုဒ် ၆

အခန်း(၄)၊ အပိုဒ် ၇ (ဂ)(င)၊

အခန်း(၅)၊ အပိုဒ် ၉(ခ)(ဂ)(ဃ)

အခန်း(၆)၊ အပိုဒ် ၁၁

အခန်း(၇)၊ အပိုဒ် ၁၂(က)(ခ)(ဂ)(ဃ)(င)(ဇ)(ဈ)(ဋ)(ဌ)(တ)(ထ)(ဒ)(ဓ)နှင့် ပြောင်းလဲအမှတ်စဉ်ထားသည့်

အခန်း(၄)၊ အပိုဒ် ၇(ဈ)၊

အခန်း(၉)၊ အပိုဒ် ၂ဝ(က)(ခ)တို့ကို မူလအဆိုပြုချက်အတိုင်း ဆက်လက်အတည်ပြုရန် လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၃၁ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**အချိန်၊ ၁၃း၃၆။**

**ဦးလှဆွေ( မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)** ။ ။ ကျွန်တော်တို့ စာမျက်နှာ ၃၊ အခန်း(၅) ၁၀ ပေါ့။ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးဥပဒေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥပဒေအမှတ် ၅/၉၄ အရ ဖွဲ့စည်းခဲ့သော မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသန ဦးစီးဌာနကို သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းသည်ဆိုတဲ့ နေရာမှာ သုတေသန နှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနလို့ပဲ ပြောမယ်ဆိုရင် တစ်ကမ္ဘာလုံးမှာ ဒီလိုမျိုး သုတေသနတွေက နိုင်ငံအသီးသီးက လုပ်နေတာ ဖြစ်တဲ့အတွက် မြန်မာပြည်က သုတေသနလုပ်တာကို ပေါ်လွင်စေချင်တဲ့ အတွက်ကြောင့် မြန်မာ့သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနလို့ မြန်မာလေးကိုတော့ ဖြည့်စွက် သင့်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးရဲ့ သဘောထား ပြောပါ။

**အချိန်၊ ၁၃း၃၇။**

**ဒေါက်တာကိုကိုဦး (ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ သီးခြား တင်ပြရန်မရှိပါဘူးခင်ဗျား။ ကျွန်တော်တို့မူလက ဒီဌာနရဲ့နာမည်က မြန်မာ့သိပ္ပံနှင့်နည်းပညာ သုတေသန ဦးစီးဌာနဖြစ်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ အခုဒီမှာလည်း မြန်မာထည့်သွင်းရင်လည်း သင့်လျော်ပါတယ်။ ကျွန်တော် သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဲဒီတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ တင်ပြချက် က ဆီလျော်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး လွှတ်တော်ရဲ့သဘောထား မေးပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဦးလှဆွေ ရဲ့ အတည်ပြုချက်အတိုင်း မြန်မာ ဆိုသော စကားလုံး ထည့်ရန် ဆုံးဖြတ်ပါတယ်။

အဆို အပိုဒ် ၁ မှ ၃၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ ဒါနဲ့ပတ်သက်ပြီး ပြန်မေးပါ့မယ်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည် ဖြစ်သည်။ အဆို အတည် ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၃၁ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုကိုပြန်လည်တင်ပြပါမယ်။ ယခုအဆိုမှာ ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုက မရောက်သေးဘူးလေ။ စောစောက ၁ က ၃၁ အတွင်းမှာ သဘောမတူတဲ့ကိစ္စ။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၃း၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၂၁) ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၉။**

**ဒေါက်တာကိုကိုဦး (ပြည်ထောင်စုဝန်ကြီးသိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ကြွရောက် လာသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေရန် ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာဖွံ့ဖြိုးရေးဥပဒေကို အတည်ပြု ပေးနိုင်ရေးအတွက် ကျွန်တော် ဒေါက်တာကိုကိုဦး ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီး ဌာနမှ အဆို တင်သွင်းမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ် တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါတဲ့ကဏ္ဍ တစ်ခု ဖြစ်ပါတယ်။ ဒီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြဋ္ဌာန်းတဲ့ ဒီဥပဒေဟာလည်း အလွန် အရေးပါတဲ့ ဥပဒေတစ်ခုဖြစ်ပါတယ်။ ဤဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြု ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၄၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃း၄၀။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းအား မကွေးတိုင်း ဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ ကျွန်တော် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသော်ဇင်ဦး ကထောက်ခံပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ် တီထွင်မှု ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၃း၄၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန်ဖြစ်ပါတယ်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၃း၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၂၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၁၊ အပိုဒ် ၂ ခြေဆင်း၊ အပိုဒ် ၂ (က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)၊ အပိုဒ် ၃ (င)(စ)(ဆ)

၁။ ဤဥပဒေကို ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေ ရမည်။

၂။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေတွင်ပါရှိသော -

(က) အင်စပက်တော်ချုပ် ဆိုသည့် စကားရပ်ကို အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဆိုသည့်စကားရပ် ဖြင့် လည်းကောင်း၊

(ခ) အင်စပက်တော် ဆိုသည့်စကားရပ်ကို စစ်ဆေးရေးအရာရှိ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊

(ဂ) အလုပ်လုပ်ရန်သင့်လျော်ကြောင်းတာဝန်ခံ လက်မှတ်ဆိုသည့် စကားရပ်နှင့် တာဝန်ခံလက်မှတ် ဆိုသည့်စကားရပ်တို့ကို အလုပ်လုပ်ရန် သင့်လျော်ကြောင်း မှတ်ပုံတင် ဆရာဝန်၏ ထောက်ခံချက်လက်မှတ် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(ဃ) မှတ်ပုံဝင်ဆရာဝန် ဆိုသည့်စကားရပ်ကို မှတ်ပုံတင် ဆရာဝန် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊

(င) မြန်မာနိုင်ငံ ဘယဆေးဆိုင်ရာအက်ဥပဒေ ဆိုသည့် စကားရပ်ကို တိုင်းရင်းဆေး ကောင်စီဥပဒေ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊

(စ) အဆက်ဆာလူကြီး ဆိုသည့်စကားရပ်ကို အကဲဖြတ်ပုဂ္ဂိုလ် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊

(ဆ) မြူနီစီပါယ် ဆိုသည့်စကားရပ်ကို စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင် သာယာရေးအဖွဲ့ ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေပုဒ်မ ၂ တွင် -

(င) ပုဒ်မခွဲ(ဠ)၊ ပုဒ်မခွဲငယ်(ငင)၏ နောက်တွင် ပုဒ်မခွဲငယ် (စစ)နှင့် ပုဒ်မခွဲငယ် (ဆဆ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(စစ) လျှပ်စစ်နှင့် အီလက်ထရောနစ်နည်းပညာ ဆိုင်ရာပစ္စည်းများ တည်ဆောက်မှု၊ ပြန်လည်တည်ဆောက်မှု၊ ပြုပြင်ထိန်းသိမ်းမှု၊ ပြန်လည်တပ်ဆင်မှု၊ အပြီးသတ်ထုတ်လုပ်မှု သို့မဟုတ် ပြန်လည်အသုံးပြုနိုင်ရန် စီမံမှု၊

(ဆဆ) ဓာတုပစ္စည်းများ စမ်းသပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရောစပ်ခြင်း၊ ထုပ်ပိုးခြင်း၊ ရွှေ့ပြောင်းခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်ရသောလုပ်ငန်း။

(စ) ပုဒ်မခွဲ (ဌ) ၌ပါရှိသော သို့ရာတွင် ပြုလုပ်မှု လုပ်ငန်းစဉ်အတိုင်း မလုပ်သည့် အခန်းတွင်၊ သို့တည်းမဟုတ် နေရာတခုခုတွင်၊ စာရေးအဖြစ်ဖြင့် လုံးလုံးခိုင်းစေခံရသူ မပါဝင်ချေ ဆိုသည့်စကားရပ်ကို ယင်းစကားရပ်တွင် ပြုလုပ်မှု လုပ်ငန်းစဉ်နှင့် မသက်ဆိုင်သည့်နေရာ သို့မဟုတ် ပြုလုပ်မှုလုပ်ငန်းစဉ်နှင့် ဆက်စပ်သော နေရာတစ်ခုခုတွင် ကြီးကြပ်သူ၊ လုံခြုံရေး၊ ယာဉ်မောင်း၊ သန့်ရှင်းရေး၊ ထမင်းချက်၊ စာပို့သူ၊ ဥယျာဉ်လုပ်သားနှင့် အထွေထွေလုပ်သား စသည်တို့လည်း ပါဝင်သည် ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဆ) ပုဒ်မခွဲ (၃)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(၃) အလုပ်ရုံ ဆိုသည်မှာ အလုပ်သမား (၅)ဦးနှင့် အထက် အလုပ်သမားများ အလုပ် လုပ်ကိုင်နေသည့် ပြင်ဆင်တင်ပြပါမယ်ခင်ဗျား။ အလုပ်လုပ်ကိုင်နေသည့် သို့မဟုတ် လွန်ခဲ့သည့် (၁၂)လအတွင်း မည်သည့် ရက်တွင်မဆို အလုပ်လုပ်ကိုင်ခဲ့သည့်အပြင် ပြုလုပ်မှု လုပ်ငန်းစဉ်အတိုင်းလုပ်သော အစိတ်အပိုင်း တစ်ခုခုတွင် အကူအညီဖြင့် လုပ်ကိုင်နေသည့် သို့မဟုတ် သာမန်အားဖြင့် လုပ်ငန်းဆောင်ရွက်သည့် အဆောက်အအုံ တစ်ခုခုနှင့်တကွ ဥပစာကိုပါ ဆိုလိုပြီး အလုပ်သမားပေါင်း (၁၀) ဦးနှင့်အထက် အလုပ်သမားများ အလုပ် လုပ်နေသည့် သို့မဟုတ် လွန်ခဲ့သည့် (၁၂) လအတွင်း မည်သည့် ရက်တွင်မဆို အလုပ်လုပ်ကိုင် နေခဲ့သည့်အပြင်၊ ပြုလုပ်မှု လုပ်ငန်းစဉ်အတိုင်း လုပ်သော အစိတ်အပိုင်း တစ်ခုခုတွင် အကူအညီမရှိဘဲ လုပ်ကိုင်နေသည့် သို့မဟုတ် သာမန်အားဖြင့် ယင်းသို့အလုပ်လုပ်ကိုင်သည့် အဆောက်အအုံ တစ်ခုခုနှင့်တကွ ဥပစာလည်း ပါဝင်သည်။ ထို့ပြင် အလုပ်သမား တစ်ဦးနှင့်အထက် အလုပ်လုပ်ကိုင်သည့် မော်တော်ယာဉ် ပြင်ဆင်ရာဌာန၊ မော်တော်ယာဉ် ဆေးသုတ်ရာဌာန၊ စာပုံနှိပ်ဌာနနှင့် ဆီကြိတ်ဌာနများ ပါဝင်သည့် အပြင် လိုအပ်ပါက အခြားအလုပ်ဌာနများကိုလည်း အလုပ်သမား၊ အလုပ်အကိုင် နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာ စာထုတ်ပြန်၍ သတ်မှတ်နိုင်သည်။ သို့ရာတွင် မြန်မာ့သတ္တုတွင်းဥပဒေနှင့် သက်ဆိုင် သည့် သတ္တုတွင်း မပါဝင်ချေဆိုတဲ့ ပြင်ဆင်သည့်ပြင်ဆင်ချက်ကို အတည်ပြုပေး နိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနပြောစရာရှိလား။ ပြောစရာရှိရင် ထဆွေးနွေးပါ မမေးတော့ဘူး။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘေမတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၊ အပိုဒ် ၂ ခြေဆင်း၊ အပိုဒ် ၂ (က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)၊ အပိုဒ် ၃(င)(စ)(ဆ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၊ အပိုဒ် ၂ ခြေဆင်း၊ အပိုဒ် ၂ (က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)၊ အပိုဒ် ၃ (င)(စ)(ဆ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်-

အပိုဒ် ၄ ၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇ တို့ဖြစ်ပါတယ်။

၄။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဏ)၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ(၅)နှင့် ပုဒ်မခွဲ(၆)၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၁၈၊ ပုဒ်မခွဲ(၄)၊ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၂၄၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၂၅၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၂၈၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(၈)၊ ပုဒ်မ ၃၁၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၃၆၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၃၉၊ ပုဒ်မခွဲ(၅)၊ ပုဒ်မ ၄၃၊ ပုဒ်မ ၄၆၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၅၁၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၅၂၊ ပုဒ်မ ၅၅၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ(၃)၊ ပုဒ်မခွဲ(၄)နှင့် ပုဒ်မခွဲ(၅)၊ ပုဒ်မ ၅၇၊ ပုဒ်မခွဲ(၁)နှင့် ပုဒ်မခွဲ(၃)၊ ပုဒ်မ ၆၁၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၆၄၊ ပုဒ်မ၆၅၊ ပုဒ်မ ၆၆၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၇၀၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲ(၃)၊ပုဒ်မခွဲ(၄)နှင့် ပုဒ်မခွဲ(၆)၊ ပုဒ်မ ၇၁၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ(၂)နှင့် ပုဒ်မခွဲ(၄)၊ ပုဒ်မ ၈၀၊ ပုဒ်မခွဲ(၄)၊ ပုဒ်မ ၈၄၊ ပုဒ်မ ၁၀၃ နှင့် ပုဒ်မ ၁၀၅ တို့တွင် ပါရှိသော နိုင်ငံတော်သမ္မတဆိုသည့် စကားရပ်ကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ၏ ပုဒ်မ ၂၊ ပုဒ်မခွဲ(ထ)၊ ပုဒ်မ ၅၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(၄)၊ ပုဒ်မ ၄၈ ၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၅၀၊ ပုဒ်မခွဲ (၂)၊ ပုဒ်မခွဲ (၃) နှင့် ပုဒ်မ ၁၀၀ တို့ကို ပယ်ဖျက်ရမည်။

၆။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (၂) တွင် ပါရှိသော အင်စပက်တော်ချုပ်ထံသို့ စာပို့တိုက်မှ ရီစစ္စတြီပြု၍ပေးပို့ရာ၊ ယင်းသို့ပေးပို့သည့်နေ့မှ သုံးလအတွင်း လျှောက်ထားသူထံသို့ အမိန့်စာမပေးပို့လျှင်၊ ထိုလျှောက်လွှာတွင် လျှောက်ထားတောင်းဆိုသည့် ခွင့်ပြုချက်ကို ပေးပြီးဖြစ်သည်ဟု မှတ်ယူရမည် ဆိုသည့်စကားရပ်ကို အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်၍ဖြစ်စေ၊ အခြားသင့်တော်သော နည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရာတွင် လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ခွင့်ပြုပေးခြင်းသို့မဟုတ် အကြောင်းပြချက်ဖော်ပြ၍ ငြင်းပယ်ခြင်း ပြုရမည်ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(၃)တွင် ပါရှိသော အစိုးရဆိုသည့် စကားရပ်ကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။ ဒီပြင်ဆင်ချက်များကို အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျာ။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၉ (ခ)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅

၉။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေတွင် -

(ခ) ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)၌ ပါရှိသော ဒေသန္တရ၊ သို့တည်းမဟုတ် အခြား ပြည်သူ့အာဏာပိုင် ဆိုသည့် စကားရပ်နှင့် ပုဒ်မ ၉၃၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၁၀၂ တို့၌ ပါရှိသော အခြားဒေသန္တရအာဏာပိုင် ဆိုသည့် စကားရပ်တို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရ၊ ပြည်ထောင်စုနယ်မြေ ကောင်စီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဆိုသည့် စကားရပ်တို့ဖြင့် အစားထိုးရမည်။

၁၀။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

(၁) ကျန်းမာရေးဝန်ကြီးဌာနက ခန့်အပ်ထားသည့် မှတ်ပုံတင်ဆရာဝန်များနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၌ တာဝန်ထမ်းဆောင်နေသော ဆရာဝန်များကို ဤအက်ဥပဒေကိစ္စအလို့ငှာ အလုပ်လုပ်ရန်သင့်လျော်ကြောင်း ထောက်ခံချက်လက်မှတ် ထုတ်ပေးသည့် ဆရာဝန်များ အဖြစ်မှတ်ယူရမည်။

၁၁။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (င)၊ ပုဒ်မ ၁၅၊ ပုဒ်မခွဲ(၂) နှင့် ပုဒ်မခွဲ(၃)၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (၄)၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(၄)၊ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၄၀၊ ပုဒ်မခွဲ (၇)၊ ပုဒ်မ ၄၄၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၄၅၊ ပုဒ်မ ၄၈၊ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၄၉၊ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၆၇၊ ပုဒ်မခွဲ (၈)၊ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၇၃၊ ပုဒ်မခွဲ(၃) နှင့် ပုဒ်မ ၈၁၊ ပုဒ်မခွဲ(၂) တို့၌ပါရှိသော နိုင်ငံတော်သမ္မတဆိုသည့် စကားရပ်ကို အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ(၂) တွင် ပါရှိသော ပြဒါးတိုင်တခု ဆိုသည့်စကားရပ်ကို အပူချိန်တိုင်းကိရိယာနှင့် အခြားလိုအပ်သည့်ကိရိယာများဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည် ။

၁၄။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(၂) တွင် ပါရှိသော အင်တာနယ် ကွန်ဘတ်ရှင်း ဆိုသည့် စကားရပ် နှင့် ပုဒ်မ၂၀၊ ပုဒ်မခွဲ(၄)၌ ပါရှိသော ပြည်သူ့ကျန်းမာရေး အာဏာပိုင်များက စစ်ဆေးရန် နည်းလမ်းများကိုငင်း ဆိုသည့် စကားရပ်တို့ကို ပယ်ဖျက်ရမည်။

၁၅။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲ (၂)နှင့် ပုဒ်မခွဲ (၃)တို့တွင် ပါရှိသော ထွေးခံ ဆိုသည့် စကားရပ်ကို တံတွေး ထွေးရန် ခွက်နှင့်အမှိုက်ပုံး ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။ ဒီပြင်ဆင်ချက်များကို အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉ (ခ)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉ (ခ)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်း ကော်မတီ ၏ ပြင်ဆင်ချက်-

အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀

၁၆။ ပုဒ်မ(၄)ကိုယ်ဝန်ဆောင် အမျိုးသမီးအလုပ်သမားများအား ၎င်း၏ကိုယ်ဝန်ကိုမထိခိုက်စေရန် ပေါ့ပါးသော တာဝန်များကိုသာစေခိုင်းရမည်။ ကိုယ်ဝန်ခုနှစ်လနှင့် အထက်ရှိသော အမျိုးသမီး အလုပ်သမားများအား အချိန်ပိုလုပ်ငန်းများ သို့မဟုတ် ညအချိန်တွင် စေခိုင်းခြင်းမပြုရ။

၁၇။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၃၇ တွင် ပါရှိသော နိုင်ငံတော်သမ္မတက နည်းဥပဒေများဖြင့်ပြဋ္ဌာန်းနိုင်သည် ဆိုသည့်စကားရပ်ကို အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေး

ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၈။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၃၇ ၏ နောက်တွင် ပုဒ်မ ၃၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၃၇-က။ လုပ်ငန်းပိုင်ရှင်သည် အလုပ်ရုံတွင် ပြုလုပ်မှု လုပ်ငန်းစဉ်အရ ပြုလုပ်ရာမှ ထွက်ရှိသော ဆူညံသံပမာဏကြောင့် အလုပ်သမားများ၏ အကြားအာရုံနှင့် ကျန်းမာရေးကို ထိခိုက်မှု မဖြစ်စေရန်နှင့် မတော်တဆ ထိခိုက်မှုမဖြစ်စေရန် သတ်မှတ်ချက်များနှင့်အညီ စီမံထားရမည်။

၁၉။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(၆) ကို အောက်ပါအတိုင်း အစားထိုးရမည် -

၃၈။(၆) အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ(၁)တွင် ရည်ညွှန်းထားသည့် ကယ်ပေါက်များအတွက် အငယ်ဆုံး အကျယ်အဝန်း မည်၍ မည်မျှရှိရမည်ကို အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည့်အပြင် မိမိသင့်တော်သည်ဟု ထင်မြင်သော စည်းကမ်းချက်များထား၍ အလုပ်ရုံတစ်ခုခုကို ဖြစ်စေ၊ အလုပ်ရုံအမျိုးအစား တစ်ခုခုကိုဖြစ်စေ ဤပုဒ်မပါ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာဆောင်ရွက်ရခြင်းမှညွှန်ကြားချက်အတိုင်း ကင်းလွတ်ခွင့်ပြုနိုင်သည်။

၂၀။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံအက်ဥပဒေ ပုဒ်မ ၄၀၊ ပုဒ်မခွဲ(၇)၊ ပုဒ်မ ၄၄၊ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၄၅၊ ပုဒ်မ ၄၈၊ ပုဒ်မခွဲ(၁)တို့တွင် ပါရှိသော ပြဋ္ဌာန်းသည့် နည်းဥပဒေများ ပြုလုပ်နိုင်သည် ဆိုသည့် စကားရပ်ကို ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည် ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။ ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကိုယ်ဝန်(၇)လဆိုတာ ကိုယ်ဝန်ဆောင်ခွင့်နဲ့ ပတ်သက်လို့ ဘယ်လိုပြဋ္ဌာန်းထားသလဲ၊ (၆)လ၊ ကြိုတင်ခွင့်က(၆)လလား၊ မီးမဖွားမီကြိုတင်ခွင့်လား။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ Maternity Leave မီးမဖွားမီ သော်လည်းကောင်း၊ မီးဖွားပြီးသော်လည်းကောင်း(၆)လ စုစုပေါင်း ခံစားခွင့်ရှိတာပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။အဲဒီတော့ သူက မီးမဖွားမီ(၆)လယူတယ်ဆိုရင် ကိုယ်ဝန်(၇)လဖြစ်နေပြီ။ ကိုယ်ဝန်(၇)လကို အချိန်ပိုတို့၊ ခုနက ညအချိန်တို့ ခိုင်းစေခြင်းမပြုရဆိုတာ သွားပြီးတော့၊ ခွင့်ကိစ္စနဲ့ သွားပြီးတော့ Contradict မဖြစ်ဖူးလား။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ သက်ရောက်မှုတော့ ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဟုတ်တယ် မဟုတ်လား။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ ကိုယ်ဝန်ရှိသော အမျိုးသမီးအလုပ်သမားများအား အချိန်ပို လုပ်ငန်းများ (သို့) ညအချိန်တွင် စေခိုင်းခြင်းမပြုရဆိုရင်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပိုပြီးသင့်မြတ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ညီသွားတာပေါ့နော်။ ဒုတိယဝန်ကြီး၊ ဟုတ်တယ်မဟုတ်လား။ (၇)လ ဆိုရင် ခွင့်ဥပဒေနဲ့သွားပြီးတော့ ငြိနိုင်တဲ့သဘောရှိပါတယ်။ နော်။ ကိုယ်ဝန်ရှိသောဆိုရင် ပြီးတာပဲ။

နောက်တစ်ခုက ၁၉၊ ၃၆၊ ၃၈ ပုဒ်မခွဲ(၆)၊ မိမိသင့်တော်သည်ဟု ထင်မြင်သော စည်းကမ်းချက်များထား၍ အလုပ်ရှင် တစ်ခုခုကိုဖြစ်စေ၊ အလုပ်ရှင်အမျိုးအစား တစ်ခုခုကိုဖြစ်စေ ဤ ပုဒ်မပါ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာဆောင်ရွက်ရခြင်းမှ ညွှန်ကြားချက်အတိုင်း ဆိုတာမလိုတော့ဘူး။ ဤပုဒ်မပါဆိုတာ ဥပဒေပဲ။ ညွှန်ကြားချက်က ဥပဒေကို ကျော်လွှန်လို့မရဘူး။ အဲဒီတော့ ညွှန်ကြား ချက်အတိုင်းလည်း ဖြတ်လိုက်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလား ခင်ဗျား။

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ ခုနက ဥက္ကဋ္ဌကြီး ဆွေးနွေး သွားတဲ့ ကိုယ်ဝန်ဆောင်အမျိုးသမီး အလုပ်သမများအား (၁၆)ပေါ့ခင်ဗျား။ ၎င်း၏ ကိုယ်ဝန်ကို မထိခိုက် စေရန် ပေါ့ပါးသော တာဝန်များကိုသာ စေခိုင်းရမည်ဆိုတော့ တချို့အလုပ်ရှင်တွေက ခင်ဗျားကိုပေါ့ပါး တဲ့ တာဝန်ပေးရတဲ့အတွက် လုပ်ခလစာလျှော့မယ်ဆိုပြီး ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့်မို့လို့ မူလ လုပ်ခလစာမပျက်စေဘဲ ပေါ့ပါးသောတာဝန်များကိုသာ စေခိုင်းရမည်ဆိုပြီးတော့ အဲဒါလေး ထည့်လိုက် ရင် ပိုပြီးတော့ ကိုယ်ဝန်ဆောင်တွေကို စောင့်ရှောက်ရကြမယ်လို့ ကျွန်တော်တင်ပြပါရစေ ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒုတိယဝန်ကြီးသဘောထားကိုပြောပါ။ ရတယ်နော်။ မူလလုပ်ခလစာနှင့် ခံစားခွင့်များပေါ့နော်။ ခံစားခွင့်များကို မထိခိုက်စေဘဲ၊ ဒီတော့ ဦးလှဆွေ တင်သွင်းတဲ့ ၁၆၊ ပုဒ်မ(၄) ကိုယ်ဝန်ဆောင် အမျိုးသမီးအလုပ်သမားများအား ၎င်း၏ကိုယ်ဝန်ကို မထိခိုက်စေရန် မူလလုပ်ခလစာ နှင့် ခံစားခွင့်များကို မထိခိုက်စေဘဲ ပေါ့ပါးသော တာဝန်များကိုသာစေခိုင်းရမည်။ ဒါ အပါအဝင်ပေါ့။ ဒါ အပါအဝင်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး ဥပဒေကြမ်းကော်မတီ)။** ။ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅

၂၁။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၄၃ ၏ နောက် တွင် ပုဒ်မ ၄၃-က အဖြစ် အောက်ပါ အတိုင်းဖြည့်စွက်ရမည် -

၄၃-က။ အလုပ်ရုံများတွင် လုပ်ငန်းခွင် မတော်တဆ ထိခိုက်မှုများနှင့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါ ရရှိမှုများကို လျော့နည်း ပပျောက်စေရန် အလို့ငှာ လုပ်ငန်းပိုင်ရှင်သည် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး တာဝန်ခံ၊ ကြီးကြပ်သူများနှင့် အလုပ်သမားများအား အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး ဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး သင်တန်းများကို လိုအပ်သလို တက်ရောက်စေရမည်။

၂၂။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၄၇၊ ပုဒ်မခွဲ(၃)တွင် ပါရှိသော သူနာပြုခန်း၊ သို့တည်းမဟုတ် ဆေးပေးရုံ ဆိုသည့်စကားရပ်ကို ဆေးခန်းဆိုသည့်စကားရပ်ဖြင့် အစားထိုး ရမည်။

၂၃။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၄၉ ဘေး ခေါင်းစဉ်နှင့် ပုဒ်မ ၄၉ တို့တွင် ပါရှိသော အလုပ်နားရုံများ၊ သို့တည်းမဟုတ် အလုပ်နားခန်းများ ဆိုသည့်စကားရပ်ကို နားနေခန်းများ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အစာစားခန်း ဆိုသည့်စကားရပ်ကို စားသောက်ခန်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည် ။

၂၄။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၅၀၊ ပုဒ်မခွဲ(၁)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(၁) မိခင်အလုပ်သမား (၁၀၀)ဦးနှင့်အထက်ရှိသော အလုပ်ရုံတွင် ထိုမိခင်အလုပ်သမားများ၏ (၆)နှစ် အောက်ကလေးများအတွက် ကလေးထိန်းဌာနကို လုပ်ငန်းပိုင်ရှင်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏

အကူအညီ ရယူဆောင်ရွက်ရမည်။ မိခင်အလုပ်သမား (၁၀၀)ဦး မပြည့်သည့် အလုပ်ရုံတွင် ယင်းတို့၏ (၆)နှစ်အောက် ကလေးများအတွက် လုပ်ငန်းပိုင်ရှင်က ကလေးထိန်းခန်း ကို သင့်တော်သလို စီမံထားရှိရမည်။

၂၅။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၅၈၊ ပုဒ်မခွဲ (၁)တွင် ပါရှိသော လူပေါင်း တစ်ရာအောက်မနည်း ခိုင်းစေသော ဆိုသည့်စကားရပ်ကို လူနှစ်ဆယ်အောက်မနည်း အလုပ်လုပ် နေသော ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။ ဒီပြင်ဆင်ချက်များကို အတည်ပြု ဆောင်ရွက်နိုင် ပါရန် တင်ပြ အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ၂၄ (၁)က လုပ်ငန်းပိုင်ရှင်ဆိုတဲ့ ဥစ္စာက SubJect က ရှေ့ကိုရွှေ့ဖို့လိုတယ်။ မိခင်အလုပ်သမား ၁၀၀ ဦးနှင့် အထက်ရှိသော အလုပ်ရုံတွင် အဲဒီအနားမှာ လုပ်ငန်းပိုင်ရှင်ဆိုတာ ထည့်နော်။ ထိုမိခင် အလုပ်သမားများ၏ (၆)နှစ် အောက်ကလေးများအတွက် ကလေးထိန်းဌာနကို လုပ်ငန်းပိုင်ရှင်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အကူ အညီ ရယူဆောင်ရွက်ရမည်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက်-

အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀

၂၆။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၆၀၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ)၊ ပုဒ်မခွဲငယ်စိတ် (ကက) ကို အောက်ပါ အတိုင်း အစားထိုးရမည် -

(ကက)အလုပ်သမားကို ရက်သတ္တပတ် အလုပ်ပိတ်ရက်များ၌ လုပ်ငန်း လိုအပ်ချက်အရ အလုပ်လုပ်စေရန် လိုအပ်ပါက အလုပ်သမား၏ သဘောတူညီချက်ဖြင့် အလုပ်ရှင်

နှင့် မန်နေဂျာတို့သည် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန သို့မဟုတ် ယင်းဦးစီးဌာနက လွှဲအပ်ထားသည့် စစ်ဆေးရေးအရာရှိထံသို့ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ အနည်းဆုံး သုံးရက် ကြိုတင်၍ ရက်စားအနားပေးရမည့်ရက်ကို တစ်ပါတည်းတင်ပြပြီး ခွင့်ပြုချက် ရရှိမှသာ လုပ်ကိုင်စေရမည်။ ထို့ပြင် -

၂၇။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၀၊ ပုဒ်မခွဲ (၁) ၌ ပါရှိသော ပုဒ်မ ၇၂၊ ပုဒ်မခွဲ (၁)၊ အပိုဒ်(ခ)ပါ ပြဋ္ဌာန်းချက်များနှင့်၊ ထိုပုဒ်မခွဲရှိ ခြွင်းချက်မှလွဲ၍ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည် ။

၂၈။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေပုဒ်မ ၇၃၊ ပုဒ်မခွဲ (၃) ၏ နောက်တွင် ပုဒ်မခွဲ (၄) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၇၃။(၄) တရားရုံးသည် ပုဒ်မ ၅၉ နှင့် ၆၂ တို့အရ အလုပ်သမားအားပေးရန် ပျက်ကွက်ခဲ့သည့် ပုဒ်မခွဲ (၁) ပြဋ္ဌာန်းချက်ပါ အချိန်ပိုလုပ်ခကို ပေးထိုက်သည့် အကြောင်းပေါ်ပေါက်ပါကရထိုက်သော အချိန်ပိုလုပ်ခကိုပေးရန် တာဝန်ရှိသူက ထို အလုပ်သမားအား ထုတ်ပေးရန် အမိန့် ချမှတ်ရမည် ။

၂၉။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၅ တွင် ပါရှိသော အသက်တစ်ဆယ့်သုံးနှစ် မပြည့်သေးသည့်ဆိုသည့် စကားရပ်ကို အသက်တစ်ဆယ့်လေးနှစ် မပြည့်သေးသည့်ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၀။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၅ ၏ နောက်တွင် ပုဒ်မ ၇၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၇၅-က။ မည်သည့် လူငယ်ကိုမျှ ဘေးအန္တရာယ်ရှိစေခြင်း၊ ကျန်းမာရေးထိခိုက်စေခြင်း၊ ပညာသင်ကြားနိုင်သည့် အခွင့်အရေးကို အနှောင့်အယှက်ဖြစ်စေခြင်း၊ လူငယ်များ၏ စာရိတ္တနှင့်ဂုဏ်သိက္ခာကို ထိခိုက်စေခြင်း သို့မဟုတ် လုပ်အားခေါင်းပုံဖြတ်ခြင်းရှိသည့် ပုံစံများဖြင့် အလုပ်ခိုင်းစေခြင်း မပြုရဖြစ်ပါတယ်။

ဒီပြင်ဆင်ချက်များကို အတည်ပြု ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လူငယ်များအပေါ် လုပ်အားခေါင်းပုံဖြတ်ခြင်း မလုပ်ရဘူးဆိုတဲ့ အခါကျတော့ လူကြီးများအပေါ်ကျတော့ လုပ်အားခေါင်းပုံဖြတ်ခြင်း လုပ်နိုင်တယ်ဆိုတဲ့ သဘော သွားသက်ရောက်နေတယ်နော် ဒုတိယဝန်ကြီး။ အဲဒါဖျက်လိုက်ပါ၊ စာရိတ္တနှင့်ဂုဏ်သိက္ခာကို ထိခိုက်စေတဲ့ စသည့်ပုံစံများဖြင့် အလုပ်ခိုင်းစေခြင်း မပြုရဆိုရင် လုံလောက်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**အချိန်၊ ၁၄း၀၈။**

**ဥက္ကဋ္ဌ**။ ။ (၁၅)မိနစ် ခေတ္တ ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၄း၀၈ နာရီတွင် ခေတ္တရပ်နားပြီး ၁၄း၂၃ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အခမ်းအနားမှူး**။ ။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်များခင်ဗျား။ ဒီအစည်းအဝေး ပြီးလို့ရှိရင် ဥပဒေကြမ်းကော်မတီ အစည်းအဝေးကို ဆောင်ရွက်မှာ ဖြစ်တဲ့အတွက် ကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီ အစည်းအဝေးခန်းမသို့ ကြွပေးဖို့အတွက်ကို မေတ္တာရပ်ခံတင်ပြလာခြင်းအား တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၂၃။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၄း၂၃။**

**ဒေါက်တာမြတ်ညာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များကို ဆက်လက် တင်ပြသွားပါမယ်။

အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄(ဃ)

၃၁။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၆ တွင် ပါရှိသော အသက်ဆယ့်သုံးနှစ် ပြည့်ပြီးဆိုသည့် စကားရပ်ကို အသက်တစ်ဆယ့်လေး နှစ်ပြည့်ပြီးဆိုသည့် စကားရပ်ဖြင့် အစားထိုး ရမည်။

၃၂။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၇၊ ပုဒ်မခွဲ(၂)၊ ပုဒ်မခွဲငယ် (က) တွင် ပါရှိသော အသက်ဆယ့်သုံးနှစ် ပြည့်ပြီး ဆိုသည့် စကားရပ်ကို အသက်တစ်ဆယ့်လေးနှစ် ပြည့်ပြီး ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မခွဲငယ်(ခ)တွင် ပါရှိသော အသက် ဆယ့်ငါးနှစ်ပြည့်ပြီး ဆိုသည့် စကားရပ်ကို အသက်တစ်ဆယ့်ခြောက်နှစ်ပြည့်ပြီး ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးရမည်။

၃၃။ ၁၉၅၁ ခုနှစ်၊အလုပ်ရုံများအက်ဥပဒေပုဒ်မ ၇၈၊ ပုဒ်မခွဲ (၂) ၏ နောက်တွင် ပုဒ်မခွဲ(၃)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(၃) အလုပ်လုပ်ရန် သင့်လျော်ကြောင်း မှတ်ပုံတင် ဆရာဝန် ထောက်ခံချက် လက်မှတ် မရရှိသော မည်သည့် လူရွယ်ကိုမျှ အလုပ်ရုံ၌ ညနေ ၆ နာရီမှ နံနက် ၆ နာရီ အချိန် အတွင်းမခိုင်းစေရ သို့မဟုတ် အလုပ်လုပ်ခွင့် မပြုရ ။

၃၄။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေတွင်-

(ဃ) ပုဒ်မ ၈၅ ၌ ပါရှိသော ငါးရာထက်မပိုသော ငွေဒဏ် ဖြစ်စေ ဆိုသည့် စကားရပ်ကို ကျပ်သိန်းနှစ်ဆယ် အောက် မနည်းသော ငွေဒဏ်ဖြစ်စေ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ခုနှစ်ဆယ့်ငါးကျပ် ထက်မပိုသော ငွေဒဏ် ဆိုသည့် စကားရပ်ကို ကျပ် တစ်သိန်းထက်မပိုသော ငွေဒဏ် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၈၅၊ ခြွင်းချက်(၁)၌ပါရှိသော ကျပ်ငါးရာတိတိ ငွေဒဏ်ကိုဖြစ်စေဆိုသည့် စကားရပ် ကို ကျပ်သိန်းနှစ်ဆယ်တိတိ ငွေဒဏ်ကိုဖြစ်စေဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးရမည်။ ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ၃၃၊ ပုဒ်မခွဲငယ်(၃)ပေါ့။ အလုပ်လုပ်ရန်သင့်လျော်ကြောင်း မှတ်ပုံတင် ဆရာဝန် ထောက်ခံချက် လက်မှတ်မရရှိသော မည်သည့် လူရွယ်ကိုမျှ လူအိုကျတော့ ခိုင်းလို့ရမယ့်သဘော ဖြစ်နေတယ်နော်။ အလုပ်ရုံ၌ဆိုတော့ အလုပ်ရုံပြင်ပမှာတော့ ခိုင်းလို့ရမယ့်သဘော။ မည်သူကိုမျှဆိုရင် အဆင် မပြေဘူးလား။ တွေ့လား။

**ဦးထင်အောင်(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)**

။ ။ လူရွယ်လို့ ပြင်ထားတာပါခင်ဗျား။ လူငယ်ရှိမယ်။ လူရွယ်ရှိမယ်။ လူကြီးရှိမယ်။ (၃)မျိုး၊ (၃)စားရှိပါတယ်။ အသက်အပိုင်းအခြား အဲဒီအထဲမှာမှ လူရွယ်ဆိုတဲ့ဟာကို ဆိုလိုထားတာပါ။

**ဥက္ကဋ္ဌ**။ ။ အဲဒီတော့ လူငယ်နဲ့ လူကြီးနဲ့ ခိုင်းလို့ရတယ်ဆိုတဲ့သဘော သက်ရောက်သွား တာပေါ့။

**ဦးထင်အောင်(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)** ။ ။ အမှန်ကဟုတ်ပါတယ်။ လူငယ်တော့မရဘူး။ လူကြီးဆိုရင်ရင်တော့ရတယ်။ လူငယ်ကတော့ မရဘူးပေါ့။ (၁၄)နှစ်အောက်ဆိုရင် ခိုင်းလို့ကိုမရပါဘူး။ သူက(၁၆)နှစ်အထိပဲ သူကဆရာဝန်ရဲ့ ထောက်ခံချက်နဲ့ လုပ်နိုင်တာကတော့ အဲဒီလူရွယ်ပေါ့။ (၁၆)နှစ် အထိပဲ လုပ်လို့ရပါတယ်။ (၁၆)နှစ်ကျော်သွားတဲ့အခါကျတော့လည်း သူကလူကြီးဖြစ်သွားတယ်။ အဲဒီ အပိုင်းဖြစ်သွားပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဲဒီတော့ လူကြီး၊ လူငယ်၊ လူရွယ်ဆိုတဲ့ Definition မှ မပါဘဲနဲ့။ လူရွယ်ထည့်သင့်တယ်ပေါ့၊ အလုပ်ရုံ၌ဆိုတာကော၊ အလုပ်ရုံပြင်ပအလုပ်တွေလည်းရှိတယ်လေ။

**ဦးထင်အောင်(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)** ။ ။ ဒါပေမဲ့ အလုပ်ပြင်ပကျတော့ ခက်တာက ဆရာဝန်ရဲ့ ထောက်ခံချက်နဲ့ကျတော့ အလုပ်ရုံအတွင်းပဲ လုပ်လို့ရတယ်။ ဆရာဝန်ကလည်း ဒီ Establishment တစ်ခုမှာပဲ ဆရာဝန်က ရှိမှာပေါ့၊ အပြင်ကျတော့ ဆရာဝန်ရဲ့ ထောက်ခံချက်၊ အမှန်ကတော့ ရှင်းရှင်းပြောရင်တော့ စက်ရုံအတွင်းကိုပဲ အဓိကထားပြီးတော့ ကျွန်တော်တို့က ရေးထားတာ။

**ဥက္ကဋ္ဌ**။ ။ မဟုတ်ဘူးလေ။ ဟို စက်ရုံရဲ့လုပ်ငန်းပဲလေ၊ သူက Distribution လုပ်ဖို့အတွက် အပြင်ကို ခိုင်းတယ်ဆိုတာမျိုး။ အပြင်ကနေ ဈေးဝယ်ခိုင်းတယ် ဆိုတာမျိုးပေါ့။ စက်ရုံရဲ့ လုပ်ငန်းပဲ၊ အဲဒီလိုမှ ပြည့်စုံမယ့် သဘောရှိမယ်။

**ဦးထင်အောင်(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)** ။ ။ အဓိကကတော့ သူက Heavy Duty မလုပ်ရအောင်ပါ။ ဟိုအကယ်၍ Light Duty ဆိုရင်တော့ လုပ်နိုင်တဲ့ အနေအထားမျိုးတော့ ရှိဖို့များပါတယ် အဲဒါတော့၊ Light Duty ကတော့ ရပါတယ်။ Heavy Duty သာ သူကို မခိုင်းဖို့ အဓိက ကျွန်တော်တို့ အဲဒီမှာ

**ဥက္ကဋ္ဌ**။ ။ နောက် အဲဒီမှာ အချိန်ကလည်းပါနေတယ်။ ညနေ(၆)နာရီမှ မနက်(၆)နာရီဆိုတော့။

**ဥက္ကဋ္ဌ**။ ။ သူက ဆရာဝန်ထောက်ခံချက် လက်မှတ် မရဘူးလေ၊ မရတဲ့သူတွေဖြစ်နေတယ်။ ထောက်ခံချက်လက်မှတ်ရတဲ့သူ ဆိုရင်တော့ သူကခိုင်းလို့ရမယ်။

**ဥက္ကဋ္ဌ**။ ။ ဟုတ်တယ်မို့လား။ အဲဒီတော့ အလုပ်ရုံ၌ဆိုတာ ဖျက်လိုက်ရင် ကောင်းပါတယ်။ ညနေ(၆)နာရီမှ မနက်(၆)နာရီအတွင်းနော်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄(ဃ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄(ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ မူလဥပဒေကြမ်းရဲ့ အပိုဒ် ၉၊ အပိုဒ် ၁၃၊ အပိုဒ် ၂၁၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈ တို့ကို လိုအပ်ခြင်းမရှိလို့ ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။ ဒီပယ်ဖျက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။(ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်များကို တင်ပြပါမယ်။

မူလဥပဒေကြမ်း၏ဥပဒေကြမ်းရဲ့ ခေါင်းစဉ်-

အပိုဒ် ၃(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၈၊ အပိုဒ် ၁၂(က)(ခ)၊ အပိုဒ် ၁၆ ပုဒ်မခွဲ(၃)၊ အပိုဒ် ၃၄ (က)(ခ)(ဂ) (င)(စ)(ဆ)(ဇ)(ဈ)(ည)(ဋ)တို့ကို မူလအဆိုပြုချက်အတိုင်း ဆက်လက်အတည်ပြုဖို့အတွက် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု အဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၃၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဒီအဆိုကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးဖို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၃၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအဆိုမှာ ဤဥပဒေကြမ်း၏အမည်သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သင့်သည်။ ဒီအဆိုကို လွှတ်တော်ကအတည်ပြုဆောင်ရွက်ပေးဖို့ လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

## အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၄း၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၂၄)ဖြစ်ပါတယ်။ ၂၀၁၅ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၃၈။**

**ဦးထင်အောင် (ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန** ။ ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပြီး၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပဏာမဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ ဒီနေ့ ကျင်းပပြုလုပ်တဲ့ အမျိုးသားလွှတ်တော်မှာ ယင်းဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးထင်အောင် က ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၄း၄၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄း၄၀။**

**ဦးတင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီးက ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းကို မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးတင်ဝင်း က ထောက်ခံအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၄း၄၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၂၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည် ဖြစ်သည်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အခကြေးငွေပေးရေး ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၄း၄၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၂၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခကြေးငွေပေးရေးဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အခကြေးငွေပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၄၁။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက်-

## ၂၀၁၅ ခုနှစ်၊ အခကြေးငွေ ပေးချေရေး ဥပဒေ

## ( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )

## ၁၃၇၇ ခုနှစ်၊ လ ရက်

## ( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ ဒီပြင်ဆင်ချက်ကို အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်

အခန်း(၁)၊ အပိုဒ် ၁၊အပိုဒ် ၂(က)ခြေဆင်း၊ အပိုဒ်၂(ခ)၊ အပိုဒ် ၃(က)(ခ)(၁)(၂)

၁။ ဤဥပဒေကို ၂၀၁၅ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) အခကြေးငွေ ဆိုသည်မှာ အလုပ်ရှင်၏ နာရီပိုင်း အလုပ်၊ နေ့စဉ် အလုပ်၊ အပတ်စဉ် အလုပ်၊ လစဉ်အလုပ် သို့မဟုတ် အခြား အချိန်ပိုင်း အလုပ် တစ်ခုခုကို အလုပ်သမားကလုပ်ကိုင်ဆောင်ရွက်ပေးရသဖြင့် ရသင့်သောအခကြေးငွေနှင့် လုပ်ခလစာတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် အချိန်ပိုလုပ်ခသည် လည်းကောင်း၊ အလုပ်သမား၏ စွမ်းဆောင်ရည် ကောင်းမွန်သဖြင့် သို့မဟုတ် အကျင့်စာရိတ္တ ကောင်းမွန်သဖြင့် အလုပ်ရှင်မှ အပိုပေးသည့် ဆုကြေးငွေများသည် လည်းကောင်း၊ ဝင်ငွေအဖြစ် သတ်မှတ်နိုင်သော အခြားငွေနှင့် အကျိုးခံစားခွင့်များသည် လည်းကောင်း ပါဝင်သည်။ သို့ရာတွင် အောက်ပါတို့ မပါဝင် -

( ခ) အလုပ်ရှင်ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းတစ်ခုခုတွင် အနည်းဆုံးတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အလုပ်သမားများအား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်ဖြင့်ဖြစ်စေ၊ နှုတ်ကတိဖြင့် ဖြစ်စေ အလုပ်လုပ်ခိုင်းပြီး ထိုအလုပ်သမားအားအခကြေးငွေပေးရန် တာဝန်ရှိသူကိုဆိုသည်။ ယင်းစကားရပ်တွင် ကန်ထရိုက်တာသည် လည်းကောင်း၊ အလုပ်ရှင်၏ တရားဝင် စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ အလုပ်ရှင်ကိုယ်စား အလုပ်သမားအား စီမံအုပ်ချုပ်ရန် တာဝန်ရှိသူ၊ အလုပ်ရှင်သေဆုံးပါက ယင်း၏ အမွေဆက်ခံသူနှင့် တရားဝင် ကိုယ်စားလှယ်တို့သည် လည်းကောင်းပါဝင်သည်။ သို့ရာတွင် ယင်းစကားရပ်၌ အလုပ်သမား ခေါင်းဆောင် မပါဝင်။

၃။ အလုပ်ရှင်သည် -

(က) မိမိ၏လုပ်ငန်းတွင် လုပ်ကိုင်နေသော အလုပ်သမားများ၏ အခကြေးငွေကို ပြည်တွင်းသုံးငွေ ဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အသိအမှတ်ပြုသည့် နိုင်ငံခြားသုံး ငွေဖြင့်ဖြစ်စေ ပေးချေရမည်။ ထိုသို့ ပေးချေရာတွင် အလုပ်ရှင်၊ အလုပ်သမားနှစ်ဖက်သဘောတူညီမှုဖြင့် ငွေသားဖြင့်ဖြစ်စေ၊ ချက်လက်မှတ်ဖြင့်ဖြစ်စေ၊ အလုပ်သမား၏ ဘဏ်စာရင်းသို့ဖြစ်စေ ပေးချေနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အခကြေးငွေပေးချေရာတွင် -

(၁) ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်နေသော အလုပ်သမားများအား သီးခြားအကျိုးခံစားခွင့်များ၊ အကျိုးအမြတ်များ၊ အခွင့်အလမ်းများကို ပေးရန်ရှိပါက သတ်မှတ်ချက်များနှင့်အညီ ငွေသားဖြင့် ဖြစ်စေ၊ အလုပ်သမား၏ ဆန္ဒအရ ငွေသားတချို့တစ်ဝက်နှင့် ဒေသပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သော ပစ္စည်းတချို့တစ်ဝက်တွဲဖက်၍ဖြစ်စေ ပေးနိုင်သည်။

(၂) စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းတွင် လုပ်ကိုင်သော အလုပ်သမားများအား ဒေသဓလေ့ ထုံးတမ်းအရဖြစ်စေ၊ အလုပ်သမား အများစု၏ ဆန္ဒအရဖြစ်စေ၊ စုပေါင်းသဘောတူညီချက် အရဖြစ်စေ၊ ငွေသားတချို့တစ်ဝက်နှင့် ဒေသ ပေါက်ဈေးနှုန်းဖြင့် သတ်မှတ်သော ပစ္စည်းတချို့တစ်ဝက်တွဲဖက်၍ ပေးနိုင်သည်။ ထိုသို့ပေးခြင်းသည် အလုပ်သမားနှင့် ယင်းမိသားစု ကိုယ်ရေးကိုယ်တာ အသုံးပြုမှုနှင့်အကျိုးအမြတ် တစ်စုံတစ်ရာအတွက်ဖြစ်ရမည့် အပြင် ပေးသည့် တန်ဖိုးမှာလည်း ကျိုးကြောင်းဆီလျော်ပြီး မျှတရမည်။ ဒီ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၂(ခ) (ခ)အလုပ်ရှင် ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေး၊ လုပ်ငန်း ဆိုတာ ကျန်နေခဲ့တယ်။ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် အဲဒီလိုဖြစ်ရမှာ။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂(က) ခြေဆင်း၊ အပိုဒ်၂(ခ)၊ အပိုဒ် ၃(က)(ခ)(၁)(၂) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂(က) ခြေဆင်း၊ အပိုဒ်၂ (ခ)၊ အပိုဒ် ၃(က)(ခ)(၁)(၂) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက် -

အခန်း(၂)၊ အပိုဒ် ၄ (က)(ခ)(ဂ)(၃)(၄)၊ အပိုဒ် ၄(စ)၊ အပိုဒ် ၅

၄။ အလုပ်ရှင်သည် -

(က) နာရီပိုင်းအလုပ်၊ နေ့စဉ်အလုပ်၊ အပတ်စဉ်အလုပ် သို့မဟုတ် အခြား အချိန်ပိုင်း အလုပ်တစ်ခုခုအတွက် သော်လည်းကောင်း၊ ယာယီအလုပ် သို့မဟုတ် ပုတ်ပြတ် အလုပ်တစ်ခုအတွက် သော်လည်းကောင်း အလုပ်ပြီးဆုံး သည့်အခါဖြစ်စေ၊ အလုပ် သမားနှင့် သဘောတူညီသည့် အချိန်ကာလတွင်ဖြစ်စေ အခကြေးငွေ ပေးချေရ မည်။

(ခ) ပုဒ်မခွဲ (က) အရ အခကြေးငွေပေးရန် အလုပ်သမား နှင့် သဘောတူညီသည့် အချိန် ကာလ အပိုင်းအခြား သည် တစ်လထက်မကျော်စေရ။

(ဂ) အမြဲတမ်းအလုပ်အတွက် အခကြေးငွေကို လစဉ် ပေးချေရမည်။ ထိုသို့ပေးရာတွင် -

(၃) အလုပ်သမားဦးရေ (၅၀၀) ထက်ပိုပြီး (၁၀၀၀)ထက်မပိုပါက အခကြေးငွေ ပေးချေရန် ကာလ အပိုင်းအခြား ကုန်ဆုံးပြီးနောက် (၅)ရက်အတွင်း ပေးချေ ရမည်။

(ဃ) အလုပ်သမားဦးရေ (၁၀၀၀)ထက်ပိုပါက အခကြေးငွေ ပေးချေရန် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် (၅)ရက်အတွင်း ပေးချေရမည်။

(ခ) အလုပ်သမားသေဆုံးသည့်အခါ ထိုအလုပ်သမားအား ပေးထိုက်သည့် အခကြေးငွေကို သေဆုံးပြီးနောက် အလုပ်ဖွင့်ရက် (၂)ရက်အတွင်း သေဆုံးသူ၏ တရားဝင်အမွေဆက်ခံသူထံသို့ ပေးရမည်။

၅။ အလုပ်ရှင်သည် သဘာဝဘေးအန္တရာယ်အပါအဝင် မမျှော်လင့်သော ထူးခြားသည့် အခြေအနေ တစ်ရပ်ရပ် ပေါ်ပေါက်သဖြင့် ပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပေးချေရန် အခက်အခဲရှိပါက အလုပ်သမားများ၏ သဘောတူညီချက်ဖြင့် အခကြေးငွေများကို မည်သည့် နေ့ရက်သို့ ပြောင်းလဲပေးချေမည်ဖြစ်ကြောင်း ကျိုးကြောင်းခိုင်လုံစွာဖြင့် ဦးစီးဌာနသို့ တင်ပြရမည် ဒီပြင်ဆင်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သူက ၄(ဂ)၊ ၃၊ ၄ က ဘာမှလည်းမကွာဘူး။ (၃)၊ (ဃ) အလုပ်သမားဦးရေ (၅၀၀)ထက်ပိုပြီး၊ (၁၀၀၀)ထက်မပိုပါက အခကြေးငွေပေးချေရန် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် (၅)ရက် အတွင်း ပေးချေရမည်။ (ဃ) အလုပ်သမားဦးရေ (၁၀၀၀) ထက်ပိုပါက အခကြေးငွေ ပေးချေရန် ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် (၅)ရက်အတွင်း ပေးချေရမည်ဆိုတာ (၂)ခုသာခွဲရေးထားတယ်။ ဒုတိယဝန်ကြီး (၅)ရက်ချည်းပဲ ဖြစ်နေတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ပြောဖို့ရှိလား။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ မူလဥပဒေမှာတုန်းကတော့ အလုပ်သမား(၁၀၀)အထိက အချိုးအစားတစ်ခု၊ (၁၀၀)ကနေ(၅၀၀)အထိက အချိုးအစားတစ်ခု၊ (၅၀၀)ကနေ(၁၀၀၀)အထိက အချိုးအစားတစ်ခုပါခင်ဗျား။ ဥပဒေကြမ်းကော်မတီက စဉ်းစားခဲ့တာကတော့ အားလုံးဟာ တစ်ပြေးညီ ဖြစ်သင့်တယ်။ (၅)ရက်အတွင်းမှာတော့ ပေးချေသင့်တယ်ဆိုပြီးတော့ တစ်ပြေးညီပြင်ဆင်ထားခြင်း ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဲဒါဆိုလည်း အပိုဒ်ခွဲစရာမလိုတော့ဘူးလေ။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ မှန်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ (၁၀)ရက်ကတော့ များတယ်။ (၁၀)ရက်ဆိုတာကတော့ လ တစ်လရဲ့ သုံးပုံတစ်ပုံတောင် ဖြစ်နေပြီ။ တစ်ပြေးညီဆိုလည်း အပိုဒ်မခွဲနဲ့တော့ပေါ့။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့ပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဟုတ်တယ်မဟုတ်လား။

**ဥက္ကဋ္ဌ**။ ။ တစ်နိုင်ငံလုံးဝန်ထမ်းတွေကိုတောင် တစ်ရက်ထဲ၊ တစ်ချိန်ထဲ ပေးနိုင်သေးတာပဲ။ ဟုတ်တယ်မဟုတ်လား။ လုပ်ငန်းကိုခွဲပြီးတော့ Management လုပ်နိုင်ရင် ရပါတယ်။ လူ(၁၀၀၀) ကျော်လို့ (၁၀၀၀၀)လည်း တစ်ချိန်ထဲပေးရမှာပဲ။ လုပ်ခလစာကို လကုန်တဲ့ ရက်မှာ

ပေးရမှာပဲ။ ဟုတ်တယ် မဟုတ်လား။ (၅)ရက်တောင်မှ လွန်လှပြီ။ အဲဒါကို ပြန်ပြင်လိုက်ပါ။ အကုန်လုံး တစ်ပြေးညီ (၅)ရက်ဆိုရင် တစ်ပိုဒ်ထဲ။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ အပိုဒ်ခွဲတွေ မခွဲတော့ဘဲနဲ့ တစ်ပိုဒ် ထဲပေါင်းလိုက်ပါမယ်။

**ဥက္ကဋ္ဌ။** ။ တစ်ပိုဒ်ထဲ ပေါင်းပြီးတော့ (၅)ရက်အတွင်း၊ (၅)ရက်အတွင်းတောင် နောက် အကျဆုံးဆိုတာမျိုး ထည့်ပေးလိုက်။ ဟုတ်တယ်မဟုတ်လား။ တစ်ပိုဒ်မှာတော့ လကုန်လျှင် ကုန်ခြင်း ပေးချေရမယ်။ အခက်အခဲရှိလို့ရှိရင်တော့ (၅)ရက်ထက်နောက်မကျစေဘဲ ပေးချေရမယ် ဒီလို ရေးမှ ရမယ်။ ပြင်လိုက်ပါ။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဟုတ်ကဲ့ပါခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ယခုတင်ပြခဲ့တဲ့ ပြင်ဆင်ချက်အပါအဝင်

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၂)၊ အပိုဒ် ၄ (က)(ခ)(ဂ)(ဃ)(င)၊ အပိုဒ် ၄(စ)၊ အပိုဒ် ၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၂)၊ အပိုဒ် ၄ (က)(ခ)(ဂ)(ဃ)(င)အပိုဒ်၄(စ)၊ အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်-

အခန်း(၃)၊အပိုဒ် ၇(ဃ)၊ အပိုဒ် ၉၊ အပိုဒ် ၁၀(ခ)(ည)၊ အပိုဒ် ၁၁(က)၊ အပိုဒ် ၁၂(ခ)၊ အပိုဒ် ၁၃(က)(ခ) (ဂ)(ဃ)(င)(စ)

၇(ဃ) တရားရုံး သို့မဟုတ် အနုညာတခုံရုံး၏အမိန့်အရ အလုပ်သမား၏ အခကြေးငွေ မှ နုတ်ယူဖြတ်တောက် နိုင်သည်။

၉။ အလုပ်ရှင်သည် ပုဒ်မ ၇ အရ အခကြေးငွေမှ နုတ်ယူဖြတ် တောက်ရာတွင် အလုပ်သမားက တာဝန်ထမ်းဆောင်ရန် ပျက်ကွက်မှုအတွက် နုတ်ယူဖြတ်တောက်ငွေများမှအပ အခြားနုတ်ယူ ဖြတ်တောက်ငွေ စုစုပေါင်းသည် အလုပ်သမားရရှိသည့် အခကြေးငွေ၏ ၅၀ ရာခိုင်နှုန်းထက် မပိုစေရ။

၁၀။ အလုပ်ရှင်သည် -

(ခ) ပုဒ်မခွဲ(က) ပါ ခွင့်ပြုချက်ကို သက်ဆိုင်ရာ အလုပ်ရုံ၊ လုပ်ငန်းဌာန၌ အများမြင်သာသော နေရာများတွင် ကပ်ထားရမည်။

(ည) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) အရ နုတ်ယူဖြတ်တောက်သည့် ဒဏ်ငွေများကို စက်ရုံရှိ တရားဝင် မှတ်ပုံတင်ထားသော အလုပ်သမားအဖွဲ့အစည်းနှင့် ညှိနှိုင်း၍ အလုပ်သမားများ အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များ၌ အသုံးပြုရမည်။

၁၁ (က) အလုပ်သမား၏ တမင်လျစ်လျူရှုမှု၊ ပေါ့ဆမှုကြောင့် ဖြစ်စေ၊ မရိုးဖြောင့်သောသဘောဖြင့် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ၊ အလုပ်ရှင်မှ အလုပ်သမားအား ထိန်းသိမ်းစောင့်ရှောက်ရန် အတိအလင်း အပ်နှံထားသည့် တာဝန်ရှိသောပစ္စည်းနှင့် ငွေကြေးတစ်စုံတစ်ရာ ပျက်ဆီးဆုံးရှုံးမှုသည် ထိုအလုပ်သမား၏ပေါ့ဆမှုနှင့် မှားယွင်းမှုကြောင့် တိုက်ရိုက်ပေါ်ပေါက်လာသည့် ပျက်စီးဆုံးရှုံးမှု၊

၁၂။ အလုပ်သမားသည် -

( ခ ) ပုဒ်မခွဲ (က) အရ တောင်းဆိုသော်လည်း အလုပ်ရှင်က ဖြေရှင်း ဆောင်ရွက်ပေးခြင်း မရှိပါက နုတ်ယူ ဖြတ်တောက်သည့်နေ့ သို့မဟုတ် ပေးချေရန် ပျက်ကွက်သည့်နေ့မှ ၆ လအတွင်း ဦးစီးဌာန၊ ခရိုင်အဆင့် စစ်ဆေးရေးအရာရှိထံသို့ ဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

အသစ်ဖြည့်စွက်ချက်-

၁၃။ (က) ဦးစီးဌာန၊ ခရိုင်အဆင့် စစ်ဆေးရေးအရာရှိသည် ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ) အရ တင်ပြချက်ကို စိစစ်၍ လိုအပ်ပါက သက်ဆိုင်ရာ ပုဂ္ဂိုလ်များအား စစ်ဆေးပြီး သင့်လျော်သည့် အမိန့် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

(ခ) အလုပ်ရှင် သို့မဟုတ် အလုပ်သမားသည် ပုဒ်မခွဲ (က)အရ ချမှတ်သည့် အမိန့်ကို ကျေနပ်မှုမရှိပါက ဦးစီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် စစ်ဆေးရေး အရာရှိထံ ရက်ပေါင်း ၃၀ အတွင်း အယူခံ နိုင်သည်။

(ဂ) ဦးစီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် စစ်ဆေးရေး အရာရှိသည် ပုဒ်မခွဲ (ခ) အရ အယူခံမှုကို စိစစ်၍ အလုပ်ရှင်နှင့် အလုပ်သမား တို့ကို ကြားနာပြီး သင့်လျော်သော အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

(ဃ) အလုပ်ရှင် သို့မဟုတ် အလုပ်သမားသည် ပုဒ်မခွဲ (ဂ) အရ ချမှတ်သည့် အမိန့်ကို ကျေနပ်မှု မရှိပါက ဦးစီးဌာနသို့ ရက်ပေါင်း ၆၀ အတွင်း အယူခံနိုင် သည်။

(င) ဦးစီးဌာနသည် ပုဒ်မခွဲ(ဃ)အရ အယူခံမှုကို စိစစ်၍ အလုပ်ရှင်နှင့် အလုပ်သမားတို့ကို ကြားနာပြီး သင့်လျော်သော အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် ။

(စ) ဦးစီးဌာန၏ ပုဒ်မခွဲ (င) အရ ချမှတ်သည့် အမိန့်သည် အပြီးအပြတ် ဖြစ်သည် ဒီ ပြင်ဆင်ဖြည့်စွက်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**ဦးထင်အောင် (ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)** ။ ။ ၇(က)မှာ တရားရုံး သို့မဟုတ် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ အမိန့်အရ အလုပ်သမား၏ အခကြေးငွေမှ ထုတ်ယူဖြတ်တောက်နိုင်သည်လို့ ရေးထားတာဖြစ်ပါတယ်။ ခုနတုန်းက ဥပဒေကြမ်း ကော်မတီက အဲဒီမှာအနုညာတဆိုတာထည့်ထားပါတယ်။ ကျွန်တော်တို့ အသုံးအနှုန်းကတော့ အနုညာတ လုပ်ငန်းစဉ်တော့ လုပ်ငန်းစဉ်ပါပဲ။ ဒါပေမယ့် သတ်မှတ်ထားတာဟာ ခုံသမာဓိ အဆင့်လိုက် အဆင့်လိုက် ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့၊ ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့ ပြီးတဲ့အခါမှာ ခုံသမာဓိအဖွဲ့၊ ပြီးတဲ့အခါကျမှ ခုံသမာဓိကောင်စီသို့ အဆင့်ဆင့်တက်သွားတာဖြစ်ပါတယ်။ နောက်ဆုံးကတော့ တရားလွှတ်တော်ချုပ်အထိ စာချွန်လွှာ တင်နိုင်တဲ့ အဆင့်အထိ ရှိပါတယ်။ အဲဒီတော့ ဒီ အနုညာတဆိုတဲ့ စကားလုံး အသုံးအနှုန်း သုံးလိုက်လို့ရှိရင် ကျွန်တော်တို့ သုံးနေတဲ့ အသုံးအနှုန်းနဲ့ ကွဲလွဲသွားမလားလို့၊ ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီကတော့ သုံးနေကြအသုံးအနှုန်းဖြစ်ပါတယ်ခင်ဗျား။ အဲဒါလေး တင်ပြတာပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဘယ်လိုပြင်ချင်လည်း ပြောပါ။ တရားရုံး သို့မဟုတ်။

**ဦးထင်အောင် (ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)** ။ ။ တရားရုံး သို့မဟုတ် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ အမိန့်အရ အလုပ်သမား၏ အခကြေးငွေမှ နုတ်ယူဖြတ်တောက်နိုင်သည်ဆိုတာ။

**ဥက္ကဋ္ဌ**။ ။ ခုံသမာဓိကောင်စီနဲ့ အဖွဲ့နဲ့ ဘယ်ဟာပိုမြင့်လဲ။

**ဦးထင်အောင် (ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)** ။ ။ ခုံသမာဓိကောင်စီက အမြင့်ဆုံးပါ။ အဲဒါထက်တော့ တရားလွှတ်တော်ချုပ်ပဲ ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကောင်စီ သို့မဟုတ် ခုံသမာဓိအဖွဲ့၊

**ဦးထင်အောင် (ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)** ။ ။ ခုံသမာဓိအဖွဲ့ ပြီးတော့မှ ခုံသမာဓိကောင်စီ သွားတာပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကောင်စီက မဟုတ်ဘူးလေ။ တရားရုံးက စတာကို တရားရုံး သို့မဟုတ် တရားရုံးဆိုတာက အဆင့်အမြင့်ဆုံး အထိပါ တယ်။ ဒါကြောင့်မို့လို့ တရားရုံး သို့မဟုတ် ခုံသမာဓိ ကောင်စီ သို့မဟုတ် ခုံသမာဓိအဖွဲ့၏၊

**ဦးထင်အောင် (ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)** ။ ။ ဒီလိုရှိပါတယ်ခင်ဗျား။ ကျွန်တော်တို့ အလုပ်သမား၊ အလုပ်ရှင် ပြဿနာပေါ်ခဲ့လို့ရှိရင် ပထမဆုံးဖြေရှင်းတာက ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့နဲ့ ဖြေရှင်းပါတယ်ခင်ဗျား။ ဒါတော့ အလုပ်သမား ဥပဒေနဲ့ ဖြေရှင်းပါတယ်ခင်ဗျား။ နောက်ပြီးတော့ ခုံသမာဓိအဖွဲ့ကို သွားပါတယ်။ ပြီးတော့ ခုံသမာဓိ ကောင်စီကို သွားပါတယ်။ အကယ်၍ ဥပဒေကြောင်းအရ မဟုတ်ဘဲနဲ့ တရားမကြောင်းအရဆိုလို့ရှိရင် တော့ တရားရုံးကို ဦးတိုက်လျှောက်ပြီးတော့ တရားစွဲဆိုလုပ်ရပါတယ်။ နှစ်ပိုင်းရှိပါတယ်ခင်ဗျား။ အဲဒီ လိုလေး၊

**ဥက္ကဋ္ဌ**။ ။ ဟုတ်တယ်။ ဒါကြောင့်မို့လို့ တရားရုံး သို့မဟုတ် ခုံသမာဓိကောင်စီ သို့မဟုတ် ခုံ သမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အရ၊ ဆုံးဖြတ်ချက်ပေါ့။

**ဦးထင်အောင် (ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)** ။ ။ ဟုတ်ကဲ့ပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမိန့်မဟုတ်တော့ဘူး။ ဒါကျတော့၊ ဟုတ်ပြီနော်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၇(ဃ)၊ အပိုဒ် ၉၊ အပိုဒ် ၁၀(ခ)(ည)၊ အပိုဒ် ၁၁(က)၊ အပိုဒ် ၁၂(ခ)၊ အပိုဒ် ၁၃(က)(ခ)(ဂ)(ဃ)(င)(စ) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ် သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၇(ဃ)၊ အပိုဒ် ၉၊ အပိုဒ် ၁၀(ခ)(ည)၊ အပိုဒ် ၁၁(က)၊ အပိုဒ် ၁၂(ခ)၊ အပိုဒ် ၁၃(က)(ခ)(ဂ)(ဃ)(င)(စ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အပိုဒ် ၁၄၊ အခန်း(၅)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၈(က)(ဂ)

၁၄။ အလုပ်သမားသည် အချိန်ပို လုပ်ကိုင်ရပါက အချိန်ပို အခကြေးငွေနှုန်းထားကို တည်ဆဲ ဥပဒေအရ သတ်မှတ်သည့် နှုန်းထားအတိုင်း ခံစားခွင့်ရှိသည်။

## အခန်း (၅)

## စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိ၏တာဝန်များ

၁၈။ စစ်ဆေးရေးအရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိများသည် အောက်ပါတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိသည် -

(က) ဤဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ရန် အကျုံးဝင်သည့် မည်သည့် လုပ်ငန်းခွင်ကိုမဆို စစ်ဆေးရေး အရာရှိ သက်သေခံကတ်ပြားကို ပြသပြီး သင့်လျော်သည်ဟု ယူဆသောအချိန်တွင် ဝင်ရောက်ကြည့်ရှု စစ်ဆေးနိုင်သည်။ ညဥ့်အချိန်ထိုသို့ ဝင်ရောက်ပါက သက်သေနှစ်ဦးနှင့်အတူ ဝင်ရောက်ရမည်။

(ဂ) အခကြေးငွေပေးချေမှုနှင့် စပ်လျဉ်း၍ လိုအပ်သည့် စာရင်းဇယားများ၊ စာရွက်စာတမ်း အထောက်အထားများကို မိတ္တူရယူခြင်းနှင့် လိုအပ်ပါက မူရင်းများကို သက်သေနှစ်ဦးနှင့်အတူ ရှာဖွေပုံစံဖြင့် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း ပြုနိုင်သည်။ ဒီပြင်ဆင်ချက်များကိုအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၄၊ အခန်း(၅)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၁၈(က)(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၄၊ အခန်း(၅)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၁၈(က)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်-

အခန်း(၆)၊ အပိုဒ် ၁၉(က)(ခ)(ဂ)၊ အပိုဒ် ၂၀ ခြေဆင်း၊ အပိုဒ် ၂၀ (က)(ဂ)၊ အပိုဒ် ၂၁ ခြေဆင်း-

၁၉။ (က) စစ်ဆေးရေးအရာရှိတစ်ဦးဦးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ဖောက်ဖျက်သူအား စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုမိန့်ဖြင့် သက်ဆိုင်ရာတရားရုံးတွင် ဤဥပဒေအရ တရားစွဲ နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ထိုသို့ ပြစ်မှုကြောင်းအရ တရားစွဲ ဆိုခြင်းကြောင့် အလုပ်သမားက ရရန်ရှိသော အခကြေးငွေများ ရရှိရေးအတွက် တရားမကြောင်း အရ တရားစွဲဆို တောင်းခံပိုင်ခွင့်ကို မထိခိုက်စေရ။

အသစ်ဖြည့်စွက်ချက်-

(ဂ) အလုပ်သမားသည် ပုဒ်မ ၁၂ ပုဒ်မခွဲ (ခ) အရ ဦးစီးဌာန၊ ခရိုင်အဆင့် စစ်ဆေးရေး အရာရှိထံသို့ ဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြခြင်းမပြုဘဲ နုတ်ယူဖြတ်တောက် ငွေနှင့် နစ်နာကြေးငွေများကိုပေးချေရန် သက်ဆိုင်ရာ တရားရုံးသို့ တရားမကြောင်း အရ တရားစွဲဆိုနိုင်သည်။

၂၀။ တရားရုံးသည် အခကြေးငွေပေးရန် ပျက်ကွက်မှု သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုမှာ အောက်ဖော်ပြပါ အကြောင်းရင်းများကြောင့်ဖြစ်သည်ဟု ဆုံးဖြတ်လျှင် အခကြေးငွေပေးခြင်းကို ဆိုင်းငံ့ခွင့် သို့မဟုတ် ကင်းလွတ်ခွင့် ပြုနိုင်သည်-

(က) သဘာဝဘေးအန္တရာယ် အပါအဝင် မမျှော်လင့်သော အရေးပေါ် အခြေအနေ ပေါ်ပေါက်လာသဖြင့် အခကြေးငွေကို ပေးချေနိုင်မှု မရှိခြင်း၊

( ဂ ) သက်ဆိုင်ရာအလုပ်သမားက ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ လာရောက် ထုတ်ယူရန် ပျက်ကွက်ခြင်း သို့မဟုတ် ပေးသည့် အခကြေးငွေကို လက်ခံယူရန် ပျက်ကွက်ခြင်း။

၂၁။ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ခ)အရ (၆)လ အတွင်းဦးစီးဌာနသို့ ဖြေရှင်းဆောင်ရွက်ပေးရန် လျှောက်ထားမှုမပြုခဲ့သည့် ကိစ္စရပ်မှတစ်ပါး အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြန်လည်တောင်းခံ သော အခကြေးငွေ သို့မဟုတ် ဖြတ်တောက်ထားသည့် အခကြေးငွေများအတွက် စွဲဆိုသည့် တရားမ မှုကို မည်သည့် တရားရုံးကမျှ လက်ခံခြင်းမပြုရ။ ဒီပြင်ဆင်ဖြည့်စွက်ချက်များကို အတည်ပြု ပေးနိုင်ပါ ရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၉ (က)(ခ)(ဂ)၊ အပိုဒ် ၂၀ ခြေဆင်း၊ အပိုဒ် ၂၀(က)(ဂ)၊ အပိုဒ် ၂၁ ခြေဆင်း ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၉ (က)(ခ)(ဂ)၊ အပိုဒ် ၂၀ ခြေဆင်း၊ အပိုဒ် ၂၀(က)(ဂ)၊ အပိုဒ် ၂၁ ခြေဆင်း သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၇)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄

၂၂။ မည်သည့် အလုပ်ရှင်မျှ ပုဒ်မ ၄ နှင့် ပုဒ်မ ၅ တို့ပါ အခကြေးငွေပေးရန် တာဝန်နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်ပါ တာဝန် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ သို့မဟုတ် ထိုပြဋ္ဌာန်းချက်ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

၂၃။ မည်သည့် အလုပ်ရှင်မျှ ပုဒ်မ ၈၊ ပုဒ်မ ၉ နှင့် ပုဒ်မ ၁၁တို့ပါ အခကြေးငွေမှ နုတ်ယူဖြတ်တောက်ခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ သို့မဟုတ် ထိုပြဋ္ဌာန်းချက်ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

၂၄။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။ ဒီ ပြင်ဆင်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၈)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇

၂၅။　မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၂၁ သို့မဟုတ် ၂၂ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အလုပ်သမားတစ်ဦးချင်းစီအတွက် အနည်းဆုံး ကျပ် (၅ )သိန်းမှ အများဆုံး ကျပ် (၂၅)သိန်းအထိ ငွေဒဏ် ချမှတ်ရမည်။

၂၆။　မည်သည့်အလုပ်ရှင် မဆို ပုဒ်မ ၂၅ အရပြစ်မှု စီရင်ခြင်း ခံရပြီး ထိုပြစ်မှုကိုပင် ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အလုပ်သမား တစ်ဦးချင်းစီအား ဖောက်ဖျက်သည့် နေ့ရက် အသီးသီးအတွက် ကျပ် (၁)သောင်းစီ ငွေဒဏ် ချမှတ်ရမည်။

၂၇။　မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် (၁)သိန်းမှ အများဆုံး ကျပ် (၅)သိန်းအထိ ငွေဒဏ် ချမှတ်ရမည်။ ဒီ ပြင်ဆင်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။　။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၉)၊ အပိုဒ် ၂၈၊ အပိုဒ် ၃၀

၂၈။　ဤဥပဒေအရပေးအပ်သော လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သော စစ်ဆေးရေး အရာရှိချုပ်နှင့် စစ်ဆေးရေးအရာရှိ တစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့် သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၃၀။　အလုပ်ရှင်သည် ဤဥပဒေအရ ပြုသည့် နည်းဥပဒေ များနှင့် စည်းမျဉ်းများပါ ပြဋ္ဌာန်းချက် အနှစ်ချုပ်ကို သက်ဆိုင်ရာ လုပ်ငန်းခွင်တွင် အများမြင်သာသည့်နေရာ၌ ထင်ရှားစွာ ချိတ်ဆွဲ ပြသထားရမည်။ ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉)၊ အပိုဒ် ၂၈၊ အပိုဒ် ၃၀ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အပိုဒ် ၂၈၊ အပိုဒ် ၃၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက်များကို တင်ပြသွားပါမယ်။

မူလဥပဒေကြမ်း၏

အခန်း(၂)၊ အပိုဒ် ၂(င)၊ အပိုဒ် ၃(ဂ)၊

အခန်း(၈)၊ အပိုဒ် ၂၇ တို့ကို မလိုအပ်သဖြင့် ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်များကို အတည်ပြု ဆောင်ရွက်ပေးနိုင်ရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်များကို ဆက်လက်တင်ပြပါမယ်။

မူလဥပဒေကြမ်း၏

အခန်း(၁)၊ အခန်းခေါင်းစဉ်၊အပိုဒ်၂(က)(၁)မှ(၉)ထိ၊အပိုဒ် ၂(ဂ)(ဃ)၊

အခန်း(၂)၊ အပိုဒ် ၄(ဂ)(၁)( ၂)(ဃ)(င)(ဆ)၊ အပိုဒ် ၆၊

အခန်း(၃)၊ အပိုဒ် ၇(က)(ခ)(ဂ)၊ အပိုဒ် ၈၊

ပြောင်းလဲအမှတ်စဉ်ထားတဲ့-

အခန်း(၂)၊ အပိုဒ် ၂(င)(စ)(ဆ)၊

အခန်း(၃)၊ အပိုဒ် ၁၀(က) (ဂ) (ဃ) (၁) (၂) (င) (စ) (ဆ) (ဇ) (ဈ)၊ အပိုဒ် ၁၁ ခြေဆင်း၊ အပိုဒ် ၁၁(ခ)၊ အပိုဒ် ၁၂(က)(၁)(၂)

အခန်း(၅)၊ အပိုဒ် ၁၅၊အပိုဒ် ၁၆(က)(ခ)၊ အပိုဒ် ၁၇(က)(ခ)၊ အပိုဒ် ၁၈(ခ)၊

အခန်း(၆)၊ အပိုဒ် ၂၀(ခ)၊ အပိုဒ် ၂၁(က)(ခ)(ဂ)၊

အခန်း(၉)၊ အပိုဒ် ၂၉၊ အပိုဒ် ၃၁(က)(ခ)၊ အပိုဒ် ၃၂ တို့ကို မူလအဆိုပြုချက်အတိုင်း ဆက်လက် အတည်ပြုရန် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၃၂ တို့သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဒီအဆိုကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၃၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဒီ အဆိုကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

## အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အခကြေးငွေပေးရေး ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၅:၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၂၇)ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ အခကြေးငွေပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၁၀။**

**ဦးထင်အောင် (ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)** ။ ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ အမျိုးသားလွှတ်တော်မှာ အခကြေးငွေပေးချေရေး ၂၀၁၅ ခုနှစ်၊ အခကြေးငွေပေးချေရေး ဥပဒေကြမ်းအပေါ်မှာ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၅ ခုနှစ်၊ အခကြေးငွေပေးချေရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်။

**အချိန်၊ ၁၅း၁၁။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၅း၁၁။**

**ဦးကျော်သူဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီးက အခကြေးငွေပေးရေးဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ကျွန်တော် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သူဦး က ထောက်ခံအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အခကြေးငွေပေးရေးဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၅း၁၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ အခကြေးငွေပေးရေး ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် အခကြေးငွေပေးရေး ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့် အတိုင်း အတည်ဖြစ်သည်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က မြန်မာနိုင်ငံ စာရင်းအင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြသည့် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၅:၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၂၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော မြန်မာနိုင်ငံ စာရင်းအင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြသည့် အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅:၁၂။**

**ဗိုလ်မှူးကြီးခင်စိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ ဥပဒေ ကြမ်းကော်မတီ အဖွဲ့ဝင်၊ ဗိုလ်မှူးကြီးခင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီ ရဲ့ မြန်မာနိုင်ငံ စာရင်းအင်းဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို အမျိုးသားလွှတ်တော် သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

### မြန်မာနိုင်ငံစာရင်းအင်းဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ (ကောမတီ-၁) ၁/၂၀၁၅-၅၇၇
ရက်စွဲ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က မြန်မာနိုင်ငံစာရင်းအင်းဥပဒေကြမ်းကို ၁-၉-၂၀၁၅ ရက်နေ့၌ အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ ပညာရှင်များ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပညာရှင်များကို ဖိတ်ကြား၍ (၁၄ - ၉- ၂၀၁၅) ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံစာရင်းအင်းဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင်လိုအပ်ချက်များ အများအပြားရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ စာရင်းအင်းလုပ်ငန်းများ ခေတ်စနစ်နှင့် လျော်ညီစေရေး၊ အမျိုးသားစာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးမှု မဟာဗျူဟာ ရေးဆွဲကာအရည်အသွေးပြည့်ဝ၍ တိကျမှန်ကန်ပြီးယုံကြည်စိတ်ချရသော စာရင်းအင်းများကိုအချိန်နှင့် တစ်ပြေးညီပြုစုပံ့ပိုးနိုင်သည့် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ် ကောင်းမွန်စွာ ပေါ်ပေါက်စေရေး၊ ပိုမိုပြည့်စုံမှုရှိစေရေးတို့အတွက် ယင်းဥပဒေကြမ်းကို အသစ်ပြန်လည်ရေးဆွဲသင့်ပါကြောင်း ညှိနှိုင်း သဘောတူညီမှုရရှိခဲ့ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။　　　အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ ပညာရှင်များ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန် ရှိပုဂ္ဂိုလ်များနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပညာရှင်များကိုဖိတ်ကြား၍ ညှိနှိုင်းဆွေးနွေးခဲ့ရာတွင် ဤဥပဒေကြမ်းကို ပြန်လည်သုံးသပ်ရေးဆွဲရန်လိုအပ်သောကြောင့် လတ်တလောအတည်ပြု ဆောင်ရွက် ရန်မသင့်ဘဲ ဆိုင်းငံ့ထားရန်အတွက် လွှတ်တော်ကအဆုံးအဖြတ် ပြုသင့်ပါကြောင်း အစီရင်ခံ တင်ပြ အပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**ဥက္ကဋ္ဌ**။　　။ ဥပဒေကြမ်းကော်မတီက ဒီ ကိစ္စမျိုးကို ဆိုင်းငံ့တယ်လို့ မရေးနဲ့တော့။ သူက အသစ်ကိုပြန်လည်ဆွဲဖို့ လိုအပ်တဲ့အတွက် ဤ ဥပဒေကြမ်းကို ပြန်လည်သုံးသပ်ရေးဆွဲရန် လိုအပ် သောကြောင့် အကျိုးအကြောင်း ဖော်ပြ၍ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် အတွက် နော်။ နောက် ဟိုဥစ္စာတွေလည်း နည်းနည်းပြင်လိုက်ပေါ့၊ ပြည်သူ့လွှတ်တော်က ဆွေးနွေးဖို့ပို့ထားတာ ဆိုရင်လည်း ပြည်သူ့လွှတ်တော်ကို ပြန်လည်ပေးပို့ရန် အကျိုးအကြောင်းဖော်ပြပြီး ပြန်လည်ပေးပို့ဖို့ ဘာကြောင့်လဲဆိုတော့ ဒီမှာလုပ်လို့မှ မရဘဲနော်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ စာရင်းအင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြသည့် အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၅း၁၅။**

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးရန် ပေးပို့လာသော မြန်မာနိုင်ငံစာရင်းအင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာအရ မြန်မာနိုင်ငံ စာရင်းအင်း ဥပဒေကြမ်းကို ပြန်လည်သုံးသပ်ရေးဆွဲရန်လိုအပ်သောကြောင့် အကျိုးအကြောင်းဖော်ပြ၍ ပြည်ထောင်စု လွှတ်တော်သို့ ပြန်လည်ပေးပို့ရန်အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောတူ မတူ လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မြန်မာနိုင်ငံ စာရင်းအင်း ဥပဒေကြမ်းကို ပြန်လည်သုံးသပ်ရေးဆွဲရန် လိုအပ်သောကြောင့် အကျိုးအကြောင်းဖော်ပြ၍ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် တင်ပြချက်ကို အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပုဂ္ဂလိကပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြ သည့် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၅:၁၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၃၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော ပုဂ္ဂလိက ပညာရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြ သည့် အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅:၁၆။**

**ဦးဝင်းမောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးအပ်ချက်အရ ပုဂ္ဂလိကပညာရေး ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို မန္တလေးတိုင်းဒေသကြီး၊ အမှတ်(၂) မဲဆန္ဒနယ်မြေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးဝင်းမောင် က တင်ပြဖတ်ကြားမှာ ဖြစ်ပါတယ်။

**ပုဂ္ဂလိကပညာရေးဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ (ကော်မတီ-၁) ၁/ ၂၀၁၅-၅၇၅

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ပုဂ္ဂလိကပညာရေးဥပဒေကြမ်းကို (၃၀-၆- ၂၀၁၅)ရက်နေ့ ၌ အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကပညာရေးကဏ္ဍမှ ထင်ရှားသော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကိုဖိတ်ကြား၍ (၁၅-၇-၂၀၁၅ )ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ ဆွေးနွေးညှိနှိုင်းရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ နည်းဥပဒေများနှင့် မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများက နှစ်ရှည်ကြာဖွင့်လှစ်ထားသည့် အခြေခံပညာအဆင့်ကျောင်းများနှင့် ဆက်စပ်သည့် ကိစ္စရပ်များအပေါ် သုံးသပ်ခဲ့ရာတွင် အောက်ဖော်ပြပါ အချက်များကို လေ့လာတွေ့ရှိရပါသည်-

(က) ပုဂ္ဂလိကပညာရေးဥပဒေကြမ်းပါ ကျောင်းတည်ထောင်ရမည့် ဖော်ပြချက်များသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံရှိ နိုင်ငံခြားသံရုံးများက နှစ်ရှည်ကြာဖွင့်လှစ်ထား

သော သံတမန်မိသားစုများသာမက နိုင်ငံသားများပါ တက်ရောက်သင်ကြားခွင့်ရှိသော ကျောင်းများ၏ ရပ်တည်မှုကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။

(ခ) သို့ပါ၍ ပုဂ္ဂလိကပညာရေးဥပဒေကြမ်းနှင့် ဆက်နွယ်နေသည့် အထက်ပါ နိုင်ငံခြားရေးရာကိစ္စများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ နည်းဥပဒေများနှင့် ညီညွတ်မှုရှိစေရန်အတွက် ပုဂ္ဂလိကပညာရေး ဥပဒေကြမ်းကို ပြန်လည်သုံးသပ်သင့်ပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံသို့ (၁၆-၁၀--၂၀၁၅)ရက်နေ့တွင် သဝဏ်လွှာပေးပို့ခဲ့ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကပညာရေးကဏ္ဍမှ ထင်ရှားသော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် အကျေအလည် ညှိနှိုင်းဆွေးနွေးခဲ့သည့် တင်ပြချက်များအပေါ် အခြေခံ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံသို့ ဤဥပဒေကြမ်းအပေါ် ပြန်လည်သုံးသပ်သင့်ပါကြောင်း သဝဏ်လွှာပေးပို့ခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပုဂ္ဂလိကပညာရေးဥပဒေကြမ်းကို လတ်တလော အတည်ပြုဆောင်ရွက်ရန် မသင့်ဘဲဆိုင်းငံ့ထားရန်အတွက် လွှတ်တော်က အဆုံးအဖြတ်ပြုသင့်ပါကြောင်း အစီရင်ခံတင်ပြ အပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**ဥက္ကဋ္ဌ**။ ။ လတ်တလောအတည်ပြုဆောင်ရွက်ရန် မသင့်ဘဲ ဆိုင်းငံ့ထားလို့လည်း ဆက်လုပ်လို့ကတော့ မရဘူး။ အဲဒါကြောင့်မို့လို့ အကျိုးအကြောင်းဖော်ပြ၍ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် ဒီလိုအစီရင်ခံစာရေးတင်ဖို့လိုတာပေါ့နော်၊ ရပြီ ဆရာကြီးထိုင်။ ကျွန်တော် ဆက်လုပ်လိုက်မယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပုဂ္ဂလိကပညာရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြသည့် အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၅:၁၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးရန် ပေးပို့လာသော ပုဂ္ဂလိကပညာရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာအရ ပုဂ္ဂလိကပညာရေးဥပဒေကြမ်းကို ပြန်လည်သုံးသပ်ရေးဆွဲရန် လိုအပ်သောကြောင့် အကျိုးအကြောင်းဖော်ပြ၍ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောတူ မတူ လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်ပုဂ္ဂလိက ပညာရေးဥပဒေကြမ်းကို ကျိုးကြောင်း ဖော်ပြ၍ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရန်အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံ များ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပဥ္စမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၅း၂၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန် ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ၁၅း၂၀ နာရီအချိန်တွင် ရပ်နားပါသည်။]